# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ ကြာသပတေးနေ့။ Thursday, 31 October 2024 ၁၁၆၂၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်နိုင်သည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**


သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ စာမျက်နှာ » ၁၁

ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ စာမျက်နှာ » ၁၈

ကြေးမုံ

# ရထားပို့ဆောင်ရေးတစ်ခေတ်ဆန်းသစ် ပြည်သူများသွားလာရေးအဆင်ပြေ

ပြည်သူများ ဆက်သွယ်သွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးဟူသည့် နည်းလမ်းလေးမျိုးဖြင့် အစဉ်အဆက်ဆောင်ရွက်ခဲ့ရာတွင် ရထားပို့ဆောင်ရေးနည်းလမ်းသည် သယ်ယူပို့ဆောင်စရိတ်အနည်းဆုံးဖြင့် ခရီးသည်နှင့် ကုန်စည်များစွာကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်သည်။ နှစ်ပေါင်း ၁၄၀ ကျော် သက်တမ်းရှည်ကြာပြီဖြစ်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။

မြန်မာ့မီးရထားသည် သက်တမ်းရှည်ကြာခဲ့သည့် ခေတ်သမိုင်းတစ်လျှောက် ကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်များကို ချိတ်ဆက်တည်ဆောက်နိုင်ခဲ့သည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နယ်မြေပမာဏကျယ်ဝန်းသည့်အလျောက် ခေတ်သမိုင်းတစ်လျှောက်၌ နှောင့်ယှက်ဖျက်ဆီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အဓိကနှောင့်ယှက်ဖျက်ဆီးမှုမှာ သောင်းကျန်းသူအဖျက်အန္တရာယ်ဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော သောင်းကျန်းသူများ၏ အဓိကလုပ်ငန်းမှာ အဖျက်လုပ်ငန်းဖြစ်၍ အဓိကပစ်မှတ်မှာ မီးရထားလုပ်ငန်းဖြစ်သည်ကို ယနေ့ထက်တိုင်တွေ့မြင်နိုင်သည်။ ရထားလမ်းများ၊ တံတားများကို မိုင်းထောင်ခြင်း၊ ဘူတာရုံများ၊ မီးရထားများ စသည့်အမျိုးမျိုးကို ဖျက်ဆီးခဲ့ကြရာ မီးရထားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအဟန့်အတားဖြစ်စေခဲ့သည်။

မျက်မှောက်ကာလတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ခေတ်မီအဆင့်မြင့်မော်တော်ယာဉ်များဖြင့် လုပ်ကိုင်လာကြရာ ပိုမိုလုံခြုံစိတ်ချပြီး ခရီးတွင်သော မော်တော်ယာဉ်ပို့ဆောင်ရေးလုပ်ငန်းများ တွင်ကျယ်ခေတ်စားလာသဖြင့် ရထားပို့ဆောင်ရေးဘက်တွင် အားနည်းသွားခဲ့သည်။ ယခုအခါ မြန်မာ့မီးရထားသည် ပြည်သူလူထု ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အသစ်တည်ဆောက်ခြင်း၊ မီးရထားစက်ခေါင်းသစ်များ၊ အဆင့်မြင့်ရထားတွဲဆိုင်းသစ်များ ဝယ်ယူဖြည့်တင်းခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိရာ ရထားပို့ဆောင်ရေးကဏ္ဍတွင် အသွင်သစ်ဖြင့် ပြန်လည်တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

အဓိကကျသော ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်းတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးရထားလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းစသည့် လမ်းပိုင်းများတွင် လူစီးရထားများကို ပြန်လည်စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် မြန်မာ့မီးရထား၏ စာတိုက်တွဲအချို့ကို ပြန်လည်မွမ်းမံတည်ဆောက်ကာ ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်အမြန်ရထားနှင့် ရန်ကုန်-ပြည်စာပို့ရထားများကိုချိတ်ဆက်လျက် ချောစာ၊ ချောထုပ်များကို ပို့ဆောင်ပေးခြင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

မကြာသေးမီက ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံဖြစ်မှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် အောက်တိုဘာလ ၃ ရက်နေ့မှစ၍ ရန်ကုန်- မန္တလေးရထားလမ်းတစ်လျှောက် ပြန်လည်ဖွင့်လှစ်၍ လူစီးရထားများ၊ ကုန်ရထားများကို ပုံမှန်ခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ဆန်းသစ်နိုင်ရေးရည်ရွယ်၍ အထူးအစီအစဉ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် စပိန်နိုင်ငံမှရောက်ရှိလာသည့် ခေတ်မီလေအေးပေးစနစ်ပါဝင်သည့် ဒီဇယ်လျှပ်စစ်ရထား (DEMU) များဖြင့် ရန်ကုန်-ပဲခူး၊ ပဲခူး-ရန်ကုန်ပြေးဆွဲလျက်ရှိသည်။ အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး၊ ကုန်ရထားတွဲများအား တစ်နာရီလျှင် ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ရေး၊ လျှပ်စစ်ရထား (EDU) ပြေးဆွဲနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ပြည်၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပြီး အကျိုးများသောလုပ်ငန်းဖြစ်၍ ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်ပြေးဆွဲနိုင်ရေး၊ မြန်နှုန်းမြင့်ပြေးဆွဲနိုင်ရေး၊ သက်သောင့်သက်သာ လွယ်ကူစွာစီးနင်းနိုင်ရေးတို့ကို အကောင်အထည်ဖော်ပေးလျက်ရှိရာ အသစ်ဖြည့်ဆည်းပေးထားသော ရထားများ၊ ဘူတာများ၊ လမ်းနယ်များ၊ ရထားမြေများတွင် သွားလာနေထိုင်မှုများအားလုံး စည်းကမ်းစနစ်ကောင်းမွန်အောင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည်ဆန်းသစ်လာမည်ဖြစ်ပါကြောင်း။ ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံးကို (၂၁-၁၁-၂၀၂၄) ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းအပ်လက်ခံခြင်းကို (၁၄-၁၁-၂၀၂၄)ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်သည်။ **အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်း ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မစ္စတာ အာလဆန် ကွန်တဲ အား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူ

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် မစ္စတာ အာလဆန် ကွန်တဲ အား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဂီနီသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို သဘောတူသည်။

မစ္စတာ အာလဆန် ကွန်တဲ အား ၁၉၆၅ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ယူကရိန်းနိုင်ငံ ကီယက်ဗ် ပြည်နယ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။

မစ္စတာ အာလဆန် ကွန်တဲ သည် ၁၉၉၃ ခုနှစ် မှ ၂၀၀၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်သင်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ် မေလမှ ၂၀၀၉ ခုနှစ် မေလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အလုပ်သမားသမဂ္ဂဗျူရိုတွင် အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဥပဒေနှင့်ကောင်စစ်ရေးရာဦးစီးဌာန သဘောတူစာချုပ်နှင့် ဥပဒေစာချုပ်များရေးရာဌာနတွင် ဌာနမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၂၀၁၃ ခုနှစ် မတ်လမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ နယူးယောက်မြို့ ဂီနီအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် စီးပွားရေးနှင့်ဥပဒေသံမှူးအဖြစ်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နယူးယောက်မြို့ ဂီနီအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မေလမှ ယနေ့အထိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အာလဆန် ကွန်တဲ သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၄၀၁ | ၃,၃၆၈,၄၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၄,၄၇၇ | ၁၄,၇၁၂,၇၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၈၃ | ၆၉၇,၂၀၀ |
| FPB | ၂,၀၀၀ | ၁,၉၅၀ | ၅၁၉ | ၁,၀၁၉,၂၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၀ | ၅၇,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၉၂၀ | ၃,၁၆၉,၀၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁,၂၇၇ | ၄,၁၉၄,၁၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ❍ နှစ်နိုင်ငံအကြား ခိုင်မာသောမိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန် ကူညီဆောင်ရွက်ပေးမှုအခြေအနေများ ဆွေးနွေး

✪ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ခိုင်မာသော မိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန်ကူညီဆောင်ရွက်ပေးမှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန် ကုန်သွယ်မှုများမြှင့်တင်နိုင်သည့် အခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာဌွန်းဆဲန် ခမ်ဒါလာဗွန် ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုအစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စာရေးဆရာကိုသစ္စာ(ထီလာ) နှင့် စာရေးဆရာစံလင်းဦးတို့က လူငယ်အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေမည့် ကဗျာများကို ရွတ်ဖတ်ကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က ကျောင်းတွင် လူငယ်စကားဝိုင်းလာရောက်ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော် ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများထဲမှ ငါးဦးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ Naypyitaw State Polytechnic University မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်နှင့် ဆရာဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင် တည်ဆောက်နေမှု အခြေအနေများ၊ ကျောင်းသားအိပ်ဆောင်၊ ထမင်းစားဆောင်နှင့် အားကစားခန်းမ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မစာသင်ဆောင်အတွင်းသို့ ရောက်ရှိပြီး ကျောင်းသားစုဝေးခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ယာယီစာကြည့်တိုက်နှင့် အထောက်အကူပြုခန်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍတစ်ခုချင်းစီအလိုက်

**စာမျက်နှာ ၅ သို့ ✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသားအိပ်ဆောင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားခန်းမ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ **Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်**

❖ **အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေနှင့် ဆရာ ဆရာမဦးရေ အရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက် စဉ်းစားဆောင်ရွက်ထားရှိရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယာယီစာကြည့်တိုက် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၄ မှ

အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ယာယီ ရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အတွင်း သုံးထပ်ပင်မ စာသင်ဆောင်အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု အဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုးချဲ့ပင်မဆောင် ဆက်လက်ဆောင်ရွက်သွားမည့် အဆိုပြုပုံစံများ ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်အတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တု တည်ဆောက်ထားရှိနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကြိုတင်တွက်ချက်**
**စဉ်းစားဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခု Naypyitaw State Poly-technic University သည် အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေနှင့် ဆရာ ဆရာမဦးရေ အရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက်စဉ်းစား ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တက္ကသိုလ်ဖွင့်လှစ်ချိန်၌ လျာထားလက်ခံနိုင်မည့် ကျောင်းသားဦးရေမှ နှစ်အလိုက် တိုးတက်လာနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေအပေါ်မူတည်၍ ကျောင်းသား ကျောင်းသူ တိုးချဲ့၍ လက်ခံသင်ကြားပေးနိုင်ရေး အတွက်လည်း ကြိုတင်တွက်ချက်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုပြီး သစ်ပင်ပန်းမန်များ စနစ်တကျ ထည့်သွင်းစိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီးဖြစ်သည့် အပင်များ ဆက်လက်ရှင်သန်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အပင်ကြီးများ စိုက်ပျိုးရာတွင် ရေရှည်ကြီးထွားလာမည့် အခြေအနေများအထိ ကြိုတင်တွက်ချက်စဉ်းစားပြီးမှသာ စနစ်တကျ စိုက်ပျိုးသွားရန်လိုကြောင်း၊ ယခုပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် လာမည့်နှစ် မိုးရာသီမတိုင်မီ ရေထုတ်စနစ်များအားလုံး ဆောင်ရွက်ပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေ၊ မီး စနစ်များ စနစ်တကျ ဖြစ်စေရေး၊ သန့်ရှင်းသာယာလှပရေး တို့ကို အလေးထားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**









# ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်

❍ ကျော်ဖုံးမှ

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိ ကျင်းပရန်ရည်ရွယ်**

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိ ကျင်းပရန်ရည်ရွယ်ထားကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၂၅ ရက်တွင်ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် **"အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း"** ထည့်သွင်းမိန့်ကြားခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကစားကဏ္ဍသည် မည်မျှအရေးကြီးသည်ကို လမ်းညွှန်မှာကြားခြင်းပင်ဖြစ်ကြောင်း။

အမျိုးသား အားကစားပွဲတော်များကို ယခုအချိန်ထိ (၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၂ နည်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၄ နည်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့မှ ၂၄ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၉ နည်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့မှ ၂၈ ရက်နေ့ထိ နေပြည်တော်တွင် အားကစားနည်း ၂၇ နည်းတို့ဖြင့် ကျင်းပခဲ့ကြောင်း။

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန်မှာ အချိန်အားဖြင့် (၁)လကျော်ခန့်သာ ကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲကျင်းပနိုင်ရေး ဖွဲ့စည်းပေးထားသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ပြီးစီးနေကြပြီဟု ယူဆပါကြောင်း။

- **ပြိုင်ပွဲများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပသွားရန်လိုအပ်**
- **သို့မှသာ မလိုလားအပ်သည့် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ မရှိနိုင်မည်ဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ ရလဒ်များသည်လည်း မှန်ကန်တိကျပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်လျာထားမှုသည်လည်း ပိုမိုထိရောက် အကျိုးရှိနိုင်မည်**
- **မျှတစွာ ယှဉ်ပြိုင်အားပေးမှုများနှင့် နိုင်ငံ၏ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် ပြိုင်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲများ အဆင့်အတန်းမီမီ ကျင်းပနိုင်ရေးတို့အတွက် ကော်မတီ၊ ဆပ်ကော်မတီများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ယနေ့အစည်းအဝေးတွင် တင်ပြပေးကြရန်လိုကြောင်း။

အလားတူ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းမီမီ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြပေးရန် မှာကြားလိုကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ပြိုင်ပွဲကြီး ပြီးသွားသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးပြီး အားပေးသွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲကြီးမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ရရှိလာမည့် အားကစားသမားများကို စွမ်းရည်တိုးတက်ကောင်းမွန်အောင် ကျွေးမွေးမှု (Sports Nutrition) အပိုင်းတွင်လည်း အားကစားနည်းအလိုက် သိပ္ပံနည်းကျ စနစ်တကျနှင့် ကယ်လိုရီတွက်ချက် ကျွေးမွေးစေရေး၊ ခွန်အားတိုးရန် တားမြစ်ဆေးမသုံးစွဲဘဲ တိုင်းရင်းဆေးဝါးများနှင့် ဖော်စပ်ကျွေးမွေးစေရေးတို့ကို ဆောင်ရွက်ရေး စသည်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရန် (၁)လ လိုအပ်သည့်အချိန် နိုဝင်ဘာလဆန်းပိုင်းကစပြီး ပြည်သူများစိတ်ဝင်စားစွာနှင့် စောင့်မျှော်အားပေးနိုင်ရန်အတွက် အမျိုးသားအားကစားပွဲတော်နှင့် စပ်လျဉ်းသည့် မီဒီယာကဏ္ဍ လှုံ့ဆော်မှုများ၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အသင်းအသီးသီး၏ပြင်ဆင်နေမှု အင်တာဗျူးများ၊ နားထောင်သူတိုင်း နားထဲ သံမှိုစွဲသလို ရောက်ရှိစေမည့် အားကစားပွဲဆိုင်ရာ သီချင်းအသစ်များ၊ ပညာပေးဇာတ်လမ်းတို၊ ဟာသဇာတ်လမ်းတို စသည်များဖြင့် Social Media, Print Media, Broadcast Media တို့တွင် ပေါ့ပေါ့ပါးပါး Shortcut များဖြင့်ဖော်ပြပြီး ပြည်သူလူထုကို ကြိုတင်လှုံ့ဆော်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်လည်းလိုကြောင်း။

ပြိုင်ပွဲများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပသွားရန်လိုအပ်ကြောင်း၊ သို့မှသာ မလိုလားအပ်သည့် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ မရှိနိုင်မည်ဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ ရလဒ်များသည်လည်း မှန်ကန်တိကျပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်လျာထားမှုသည်လည်း ပိုမိုထိရောက်အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ မျှတစွာ ယှဉ်ပြိုင်အားပေးမှုများနှင့် နိုင်ငံ၏ဂုဏ်နှင့် အားကစားအဆင့်အတန်းမြင့်မားစေနိုင်သည့် ပြိုင်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**စနစ်တကျရွေးချယ်**

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင် အားကစားသမားများ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် အမှန်တကယ်အရည်အချင်းရှိသူများကို စိစစ်ရွေးချယ်နိုင်ရေးအတွက် အားကစားနည်းအလိုက် အံဝင်ခွင်ကျရှိမည့် စံနှုန်းသတ်မှတ်ချက်နှင့်အညီ နည်းစနစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျရွေးချယ်သွားရန် မှာကြားလိုကြောင်း။

ပြည်နယ်များနှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားသမားများ နေပြည်တော်ကိုရောက်ရှိပြီး ပြိုင်ပွဲများကျင်းပနေစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆပ်ကော်မတီအလိုက် စေ့စေ့စပ်စပ်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အားကစားသမားများ စိတ်အေးချမ်းသာစွာဖြင့် ပြိုင်ပွဲကြီးကို စိတ်ပါဝင်စားစွာ အဆင်ပြေပြေ ယှဉ်ပြိုင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် ပြိုင်ပွဲကာလအတွင်း ကျန်းမာရေးကအစ မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ထူးခြားဖြစ်စဉ်များမရှိအောင် တာဝန်ရှိသူများနှင့် အသင်းလိုက်အုပ်ချုပ်သူများက ကြပ်မတ်ပြီး အားနည်းချို့ယွင်းချက် နည်းနိုင်သမျှနည်းနည်းနှင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယခုကျင်းပမည့်အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့်အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကလည်း ကြီးမားကျယ်ပြန့်ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စီကိုယ်စီ ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် **"စည်းလုံးညီညာ အောင်ကြောင်းဖြာ"** ဆိုသကဲ့သို့ အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့်အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များကို လစ်ကွက် ဟာကွက်မရှိစေဘဲ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး အဆင်ပြေအောင် ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ဆောင်ရွက်မှုတိုင်းအတွက် လုံခြုံရေးသတိ၊ လုံခြုံရေးအသိနှင့် ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်ဆိုင်ရာများ၊ ပြိုင်ပွဲအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များ၊ သက်ဆိုင်ရာ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ဆက်လက်၍ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီနှင့် မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးဆပ်ကော်မတီတို့မှဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၀**

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အပြီးဆောင်ရွက်ရန် လမ်းညွှန်**

ဦးစွာ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်ထားရှိကြောင်း၊ ယခုအစည်းအဝေးတွင် ရည်မှန်းထားသည့်အချိန်ကာလတွင် ပြန်လည်တည်ဆောက်မှုမပြီးနိုင်သည့် လုပ်ငန်းများရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ချက်များ တင်ပြရန်ဖြစ်ကြောင်း၊ မိုးလေဝသကြိုတင် ခန့်မှန်းချက်အရ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီများအလိုက်၊ ဒေသအလိုက် ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာတွင် အချက်အလက်များ ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြကြစေလိုပါကြောင်း၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရာတွင် သင့်လျော်သည့် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အစီအမံများကို လမ်းညွှန်ချက်များနှင့်အညီ တင်ပြပေးကြရန် ဖြစ်ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ အတည်ပြုတင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် အစိုးရအဖွဲ့များ ညှိနှိုင်းစိစစ်၍ဆောလျင်စွာ ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် လက်ရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအတွက် ပြီးစီးနိုင်မည့်အခြေအနေတို့ကို တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

အစည်းအဝေးတွင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်၍ ရေကြီး/ရေလျှံမှု ဖြစ်ပွားခဲ့သော နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် သေဆုံးခဲ့ရသူများ၏ မိသားစုများသို့ ထောက်ပံ့ပြီးစီးမှု၊ နေအိမ်လုံးဝပျက်စီးမှု၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှုဖြစ်ပေါ်ခဲ့သော အိမ်ထောင်စုများသို့ ထောက်ပံ့ပြီးစီးမှု၊ ထိခိုက်ခဲ့သော စပါးစိုက်တောင်သူလယ်သမားများ၊ ငါးမွေးတောင်သူများ၊ တိရစ္ဆာန်မွေးမြူသူများသို့ ထောက်ပံ့ရေးဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်၊ ကျေးလက်၊ စည်ပင်သာယာအစရှိသည့် လမ်း/တံတားများ ပြုပြင်ဆောင်ရွက်နေမှု၊ လျှပ်စစ်၊ ဆက်သွယ်ရေးလုပ်ငန်းများပြုပြင်နေမှု၊ မီးရထားလမ်းပိုင်း ပျက်စီးခဲ့မှုများအပေါ် ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ပျက်စီးဆုံးရှုံးမှုစာရင်းဇယား ကိန်းဂဏန်းကောက်ယူ စုစည်းအတည်ပြုနိုင်ရေး ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာနယ်မြေဒေသအလိုက်၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဥက္ကဋ္ဌများက တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည်များ၊ ဖြည့်စွက်ဆောင်ရွက်ရန်များကို မေးမြန်း၊ ဖြည့်ဆည်းပေးခဲ့ကြပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ကဏ္ဍအလိုက် ပြီးစီးရေးဆောင်ရွက်ပေးကြရန်၊ ထောက်ပံ့မှုလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရှင်းလင်းပြည့်စုံစွာ ပြုစုတင်ပြရေးနှင့် မှတ်တမ်း၊ အထောက်အထားများ စနစ်တကျထားရှိရန်တို့ကို မှာကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့် မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့်မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ချောင်းရေ၊ မြစ်ရေများ ရုတ်တရက်မြင့်တက်၍ ရေဘေးကြုံတွေ့ခဲ့ရသည့် တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပြီး နေထိုင်ရန် နေရာစီစဉ်ပေးခြင်း၊ ရေဘေးသင့် ပြည်သူများထံသို့ လူမှုအဖွဲ့အစည်းများက ကူညီထောက်ပံ့သည့် ပစ္စည်းများကို စီမံကြီးကြပ်ပေးကြသည့် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများက ထောက်ပံ့ကုသိုလ်ပြုခဲ့သည့် စားသောက်ဖွယ်ရာများ ဝေငှခြင်း၊ သက်စွန့်ဆံဖျား ကူညီကယ်ဆယ်ခြင်းများကို ပရဟိတသမားများ လက်တွဲညီညီ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေး ဖြစ်ပွားခဲ့သည့် မြို့နယ်များ၌ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်များ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြရာ ကူညီကယ်ဆယ်ရေးဆောင်ရွက်သူများကိုယ်စား နေပြည်တော် မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့နယ်၌ မိုးသီးနှံ နှမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်

**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ မိုးသီးနှံ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ဧက ၁၂၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စံကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုး**

မိုးနှမ်းများစိုက်ပျိုးရာတွင် နှမ်းမျိုးများဖြစ်သည့် ဆင်းရတနာ-၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရုပ်ကလေးမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနှမ်းများကို အောက်တိုဘာ ၁ ရက်မှစတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ဧက၏ ၉၁ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီးစီးကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၅ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



အကပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ သားချစ်စွမ်း(ခ)သီဟအောင် ကပြယှဉ်ပြိုင်ဟန်။




အိုးစည်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မမေဝင့်ထည် "မင်္ဂလာသီရိမြေမြတ်စွာ"(ဘွဲ့)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ဒေါ်အေးလင်းသူ "စိန်ကြောင်နီလာ"(ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကိုတွေ့ရစဉ်။




ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ညီမင်းအောင် "ရဂုံဟေမန်" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ် "ညင်းညင်း"(မွန်)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းထက်အောင် "ကိုယ့်ရပ်ဌာနေ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မသဒ္ဒါချစ်နှင့်အဖွဲ့က ဤသို့မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




နှဲအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ဦးမြတ်ဇော် “ပန်းညောင်လှိုင်ဘွဲ့”(ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ ဦးရဲထွဋ်အောင် “စိန်ကြောင်နီလာ”(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ဦးဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသွန်းဝတီထွဋ် “မြန်မာ့ဂီတ လှပဝေဆာ” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်ဘုန်းသျှန် “သောင်းသောင်းညံ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏

## အားကစားပရိသတ်တစ်ဦး

**ဂျာစီအနီရောင်၊ ဘောင်းဘီအဖြူ၊ ခြေအိတ်အနီရောင်ဆင်မြန်းထားသည့်အသင်းနှင့် ဂျာစီအဝါ၊ ဘောင်းဘီအဝါ၊ ခြေအိတ်အဖြူရောင်ဆင်မြန်းထားသည့်အသင်းနှစ်သင်း၏ ဘောလုံးပြိုင်ပွဲကား အကြိတ်အနယ်ရှိလှပေသည်။ မဟာပြိုင်ဘက်အသင်းနှစ်သင်း ဆုံတွေ့သည့် ဗိုလ်လုပွဲစဉ်ဖြစ်၍ ပရိသတ်များက အောင်ဆန်းကွင်းလေးဖက်လေးတန်ပြည့် လာရောက်အားပေးခဲ့ကြသည်။**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးမှ အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

အနီရောင်အသင်းက ဖွေဆော်ဦးဂိုးကို သွင်းယူ၍ ဦးဆောင်ကစားနေသည်။ သို့သော် မကြာမီအချိန်အတောအတွင်းမှာပင် အဝါရောင်အသင်းမှ အရပ်ထောင်ထောင်မောင်းမောင်း တိုက်စစ်မှူးက သူ့အသင်းအတွက် ချေပဂိုးကို ခေါင်းတိုက်သွင်းယူပေးလိုက်သည်။ ဆက်တိုက်ဆိုသလိုပင် အနိုင်ဂိုးကိုလည်း သူကပင် ထပ်မံ၍ ခေါင်းတိုက်သွင်းယူပေးခဲ့ပြန်သည်။

**“ဝင်းအောင်၊ ဝင်းအောင်”** ပရိသတ်များ၏ သံပြိုင်ဟစ်ကြွေးအားပေးသံများကား တစ်ခဲနက်ပေါ်ထွက်လာသည်။ ၁၉၉၇ ခုနှစ် တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ထိုစဉ်က နာမည်ကြီး ဘဏ္ဍာအခွန်ဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ ဆုံတွေ့ခဲ့ကြသည့်ပွဲစဉ်ဖြစ်သည်။ ဘဏ္ဍာအခွန်အသင်းတွင် မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတွင် တင်ထွေး၊ မျိုးမြင့်ထွေး စသည် စသည်ဖြင့် နှစ်သင်းစလုံးတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ အများအပြားစုဖွဲ့ပါဝင်ခဲ့ကြ၍ ပြိုင်ဆိုင်မှုမြင့်မားခဲ့သည်။ အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပရိသတ်အကြိုက်တွေ့ခဲ့ပြီး ယနေ့တိုင်မေ့မရနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

### ကဆုန်လရဲ့အမှတ်တရပွဲတော်

**“အရှေ့တောင်အာရှမှာသည် အဆင့်ဆင့်တက်လှမ်းဖို့ ရည်မှန်းထားတဲ့ အမျိုးသားအားကစားပွဲတော်ကြီးဖြစ်သည်xxx၊ မြန်မာ့ဂုဏ်ဆောင်ကြရမယ့်၊ လူငယ်တွေ မျိုးဆက်သစ်အင်အားများနဲ့ xxx၊ ညီညီညာညာပေါင်းစုခဲ့ကြသည် xxx။ အောင်ပွဲများဆက်တိုက် လှမ်းယူမည်xxx၊ ကဆုန်လရဲ့အမှတ်တရပွဲတော်သည်”** ၁၉၉၂ ခုနှစ် ပထမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်မေဆွိ၏ အသံချိုမြမြက ပျံ့လွင့်နေသည်။

**“မြန်မာပြည်ရဲ့အလှxxx၊ ရိုးမနဲ့ရောဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီ၊ တည်ရှိနေသမျှ၊ စီးဆင်းနေသမျှ၊ တစ်နယ်စီဝေးလည်း သွေးချင်းတွေ၊ သားချင်းတွေချစ်ကြသည် xxx၊ နောင်နှစ်မှာ တွေ့ကြမည်xxx၊ သွေးချင်းတို့ရေ နှုတ်ဆက်သည်”**

လူငယ်လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အားကစားကွင်း၏ မီးရောင်စုံများအောက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားရိုးရာဝတ်စုံဆင်မြန်းထားသည့် တိုင်းရင်းသားလူငယ်မောင်မယ်လေးများက တေးသီချင်းစည်းချက်နှင့်အညီ လက်လေးတွေဝှေ့ကာ၊ ရမ်းကာဖြင့် နှုတ်ဆက်နေကြသည်။ ထိုထိုသောမြင်ကွင်းများက မကြာမီပြီးဆုံးတော့မည့် အမျိုးသားအားကစားပွဲတော်ကြီးကို လွမ်းအောင်ဖန်နေသည်။ အမှန်တကယ်လည်း လွမ်းတသသဖြစ်ကျန်ရစ်ခဲ့ကြပါသည်။

ပထမအကြိမ်အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/အောက်မြန်မာပြည်) အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံကျောင်းသားအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ပေါင်း ၇၂ သင်း၊ အားကစားသမား ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင်ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဟူ၍ နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀၊ အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

### အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပ

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ တက္ကသိုလ်များ (အထက်/အောက်) ဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၅၅ သင်း၊ အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းအဆင့် တစ်မျိုးတည်းသာပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ အားကစားသမား ၄၃၆၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား အားကစားပွဲတော်များကား နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ကြီးကျယ်ခမ်းနားလှပါပေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကလည်း ပရိသတ်ကို များစွာဆွဲဆောင်မှုရှိခဲ့သည်။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ ထို့ပြင် ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ် အမျိုးသားအားကစားပွဲတော်အတွေ့အကြုံများကြောင့်ပင် နိုင်ငံတော်က ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်၌ ဝှဲချီးခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

သို့ရာတွင် ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအပြီး နောက်ပိုင်းကာလများတွင် အမျိုးသားအားကစားပွဲတော်ကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့တော့ချေ။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ်တွင် မြန်မာအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့၍ နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက် အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့သည်။

### လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်

နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့ပြန်ပါသည်။

တစ်ဖန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ **“အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်”**ဟူသည့် လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။

### ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ ကျင်းပသွားမည်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဟူသည့် ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၁ သို့** ☆

> **❝ အမျိုးသားအားကစားပွဲတော်များကား နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ကြီးကျယ်ခမ်းနားလှပါပေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကလည်း ပရိသတ်ကို များစွာဆွဲဆောင်မှုရှိခဲ့သည်။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ ထို့ပြင် ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ် အမျိုးသားအားကစားပွဲတော်အတွေ့အကြုံများကြောင့်ပင် နိုင်ငံတော်က ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်၌ ဝှဲချီးခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ် ❞**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၃၀**

ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနကြီးမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၅၆ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၅၈၆ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသားလူငယ် ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပို့ချပေးလိုက်သည့်ပညာရပ်များကို စဉ်ဆက်မပြတ်တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့သင်ကြားပြုစုပျိုးထောင်ရမည့် ကျောင်းသားလူငယ်များအား ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်း ရှင်သန်နေစေရေး၊ ခေတ်မီပညာရပ်များ တတ်မြောက်အောင်သာမက ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များမြင့်မားစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ထူးချွန်ထက်မြက်သူများ ဖြစ်အောင် လေ့ကျင့် ပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း။

သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံနှင့် ပြည်သူက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာတွဲ)၊ စာပေဘာသာထူးချွန်ဆု(ဝိပွံ့တွဲ) ဆုရကျောင်းသူများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က စာပေဘာသာထူးချွန်ဆု(သိပ္ပံတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာထူးချွန်ဆုရ ကျောင်းသူများကို လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးတို့က သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိသူများနှင့် မိသားစုဝင်များကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောင်းဝင်းအတွင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးအတွက် မြန်မာပြည်မြေပုံအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ တက္ကသိုလ်အဝင်မုခ်ဦး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု ၊ တက္ကသိုလ်အတွင်း မြစ်ရေတင်သုံးစွဲနိုင်ရေး ရေမြောင်းများအား ပြန်လည်ပြုပြင်ဆောင်ရွက်မှု၊ အားကစားကွင်းနှင့် အားကစားခန်းမ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အသားစားကြက်၊ ဥစားကြက်၊ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဧည့်သည်တော်များနှင့် သင်တန်းဆင်းကျောင်းသားကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်သော ဂုဏ်ပြုလက်ဆောင်များအားပေးအပ်၍ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် မိတ်ဆက်တွေ့ဆုံပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် မိတ်ဆက်တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က အမှာစကားပြောကြားကာ တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က တင်ပြလာမှုများအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

☆ စာမျက်နှာ ၁၀ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကတ်(အမျိုးသား)၊ ဘောလုံး (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး(အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေး(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ်(အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ(အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ အလှဆင်ပစ်ဖောက်ခြင်းအစီအစဉ်များအပါအဝင် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယ စသည်ဖြင့် ဆုတံဆိပ်များ အသီးသီးဆွတ်ခူးရရှိသွားခဲ့ရာ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေး၊ အောင်မြင်မှုမရရှိခဲ့သေးသည့် အထူးသဖြင့် ပြည်နယ်အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

သို့ဖြင့် ဒီဇင်ဘာလကုန်ပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပရိသတ်တစ်ဦးအနေဖြင့် မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။

အမျိုးသားအားကစားပွဲတော်ကြီး မကျင်းပနိုင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုစာ ၁၀ နှစ်နီးပါး ကြာခဲ့ပေပြီကော။ ။

# ဘန်ကောက်မြို့၌ ကျင်းပသည့် "မြူကင်းစင်သောကောင်းကင်" မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်

**ဘန်ကောက် အောက်တိုဘာ ၃၀**

"မြူကင်းစင်သော ကောင်းကင်" မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်း အခမ်းအနား (Launch Ceremony of the Joint Plan of Action–CLEAR Sky Strategy)ကို ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ နိုင်ငံခြား ရေးဝန်ကြီးဌာန၌ ကျင်းပရာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa က အဖွင့်အမှာ စကားပြောကြားပြီး ထိုင်းနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Chalermchai Sri–on၊ မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit တို့က အမှာစကားများ ပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပူးတွဲလုပ်ငန်းစီမံချက်– CLEAR Sky Strategy (၂၀၂၄–၂၀၃၀) သည် ၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်၌ နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲတွင် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးခဲ့သည့်ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံတွင် အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်ကဲ့သို့ ဒေသများတွင် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ထိရောက်သော မီးဘေးကြိုတင်ကာကွယ်ရေး မဟာဗျူဟာများကို သက်ဆိုင်ရာဌာနများနှင့်အတူ တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများ ထိန်းသိမ်းရေးသည် နိုင်ငံတော်၏ဦးစားပေးလုပ်ငန်း တစ်ခုဖြစ်ပြီး နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသောအစိတ်အပိုင်းတစ်ခု ဖြစ်သဖြင့် နှစ်စဉ်သစ်ပင်သန်းပေါင်းများစွာ စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ သစ်ပင်ပေါင်း ၂၁ သန်း စိုက်ပျိုးခဲ့ကြောင်း၊ သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် နှစ်စဉ် သစ်တောပြုန်းတီးသည့် ဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၂၄၀၀၀၀ ခန့်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ဧက ၂၀၀၀၀ ခန့်သို့ လျော့ကျသွားမည်ဟု ခန့်မှန်းကြောင်း၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းသည် ၂၀၁၀ ပြည့်နှစ်တွင် ၅၆ ဒသမ ၇၃ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၆၀ ဒသမ ၁၇ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၈၂ ဒသမ ၀၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ မီးခိုးမြူငွေ့ကင်းစင်သောဒေသတစ်ခုဖြစ်ပေါ်စေနိုင်ရန် ယခုပူးတွဲလုပ်ငန်း စီမံချက်မှတစ်ဆင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "မြူကင်းစင်သော ကောင်းကင်"မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်ကို ဝန်ကြီးများက စက်ခလုတ်နှိပ်၍ ထုတ်ပြန်ကြေညာပေးပြီး ပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် အာဆီယံနိုင်ငံများရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဌာနများ၊ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက "CLEAR Sky Strategy – Tackling Transboundary Haze in ASEAN" ခေါင်းစဉ်ဖြင့် အိမ်နီးချင်း သုံးနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာကို လက်တွဲပူးပေါင်းဖြေရှင်းရာတွင် တွေ့ကြုံနိုင်မည့်အခက်အခဲများ၊ အောင်မြင်မှုရရှိစေနိုင်မည့်နည်းလမ်းများ၊ လက်တွေ့ကျကျ ဖော်ဆောင်နိုင်မည့်အခြေအနေများကို ဆွေးနွေးသုံးသပ် အကြံပြုကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များ တက်ရောက်ခဲ့ကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၃၀**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က ယခုသင်တန်းသည် နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ အမျိုးသားရေးအမြင်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေး အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊ အုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။



သင်တန်းသား သင်တန်းသူများသည် နိုင်ငံတော်၏ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ရည်မှန်းချက် အောင်မြင်စေရန် အဓိကအခန်းကဏ္ဍမှ အနီးကပ်တာဝန်ယူဆောင်ရွက်နေကြရသူများဖြစ်၍ အုပ်ချုပ်ရေးစွမ်းရည်ထက်မြက်နေစေရန် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာကာ အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူများနှင့် နေ့စဉ်ထိတွေ့ ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အားဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အလုပ်ဖြင့် သက်သေပြကြရန် မှာကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တက္ကသိုလ် လေ့ကျင့်ရေးတပ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၆ ဦးအား အောက်တိုဘာ ၁ ရက်တွင် ပထမနှစ် အခြေခံစစ်ပညာသင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်တန်းဆင်းပွဲကို အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ကြသည်။



အဆိုပါ သင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချ လေ့ကျင့်ရေး သင်တန်းအတွက် အမှတ်တရလက်ဆောင်ပစ္စည်း၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းကာလများတွင် ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီ စစ်မြေပြင်ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် (တပ်စိတ်)၊ စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုစုနည်းဘာသာရပ်များနှင့် စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေ ဗဟုသုတရရှိစေရေးအတွက် ပြင်ပလေ့လာရေး ခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီ ရူဒန်ကို တွေ့ဆုံဆွေးနွေး



တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီရူဒန်ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၃၀ ရက်က တွေ့ဆုံစဉ်။

ပေကျင်း အောက်တိုဘာ ၃၀

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီရူဒန်ကိုနှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် အောက်တိုဘာ ၃၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**ပြောကြား**

တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးသည် မည်သည့်ပြင်ပအဖွဲ့အစည်းကိုမျှ ပစ်မှတ်ထားခြင်းမဟုတ်ကြောင်းနှင့် မည်သည့်ပြင်ပအဖွဲ့အစည်းကမျှလည်း အဆိုပါအရေးတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း ဝမ်ယိကပြောကြားခဲ့သည်။ နှစ်နိုင်ငံအကြီးအကဲများ၏ ဦးဆောင်မှုအောက်တွင် တရုတ်-ရုရှား ဆက်ဆံရေးသည် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်ခဲ့သည်ဟု ဝမ်ယိကပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အလှည့်ကျဥက္ကဋ္ဌရာထူးကို လွှဲပြောင်းရယူခဲ့ပြီး SCO ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ရုရှားနှင့် နီးကပ်စွာဆောင်ရွက်ရန် အသင့်ရှိကြောင်း ဝမ်ယိကပြောကြားခဲ့သည်။

နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများအကြား သံတမန်ဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အုတ်မြစ်ကောင်းတစ်ခုအဖြစ် ချမှတ်ခဲ့ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီရူဒန်ကိုက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြီးအကဲများ ချမှတ်ခဲ့သည့် အစီအစဉ်များကို အကောင်အထည်ဖော်ရေးတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်းနှင့် နှစ်နိုင်ငံအကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန်ဆန္ဒရှိကြောင်း ရူဒန်ကိုက ထပ်လောင်းပြောကြားသည်။ ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်းနှင့် တရုတ်နှင့်ရုရှားနိုင်ငံကြား သံတမန်ဆက်ဆံမှုထူထောင်သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်အခါသမယအဖြစ် ထူးခြားသည့် အချိန်ခါဖြစ်ကြောင်း ရူဒန်ကိုက မှတ်ချက်ပြု ပြောကြား ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# စပိန်နိုင်ငံအရှေ့ပိုင်း၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူ ၆၀ ကျော် သေဆုံး



မက်ဒရစ် အောက်တိုဘာ ၃၀

စပိန်နိုင်ငံ အရှေ့ပိုင်း၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူ ၆၀ ကျော်သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့တွင် အဆောက်အအုံများ ရေလျှံကာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် လမ်းမကြီးများ ပိတ်ဆို့လျက်ရှိပြီး ဒေသခံပြည်သူရာပေါင်းများစွာ သောင်တင်နေကြောင်းနှင့် ပျောက်ဆုံးနေသူများလည်းရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကယ်ဆယ်ရေးသမားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စပိန်အစိုးရသည် ပျက်စီးဆုံးရှုံးမှုအကဲဖြတ်ရန် လုပ်ငန်းကော်မတီတစ်ရပ်ကို အောက်တိုဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့သည်။ စပိန်ကွန်ဂရက်ဖွင့်ပွဲ၌ ပါလီမန်ဥက္ကဋ္ဌ ဖရန်ဆီနာအာမတ်ဂိုလ်က ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ရန်တောင်းဆိုခဲ့သည်။

မက်ဒရစ်နှင့် ဗလင်စီယာမြို့တို့ကြား အမြန်ရထားလမ်းသည် ရေလွှမ်းမိုးမှုကြောင့် လမ်းပိုင်း ၅၀ ခန့် ပျက်စီးခဲ့ပြီး ရထားပြေးဆွဲမှုများ ရပ်တန့်သွားခဲ့ကြောင်း သိရသည်။ ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်နိုင်ငံက ရှန်ကျိူ့ ၁၉ အာကာသယာဉ် အောင်မြင်စွာလွှတ်တင်

ပေကျင်း အောက်တိုဘာ ၃၀

တရုတ်နိုင်ငံ၏ ရှန်ကျိူ့ ၁၉ အာကာသယာဉ်အား အောက်တိုဘာ ၃၀ ရက် ပေကျင်းစံတော်ချိန် နံနက် ၄ နာရီ ၂၇ မိနစ်တွင် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျိူ့ချွန်အာကာသယာဉ်လွှတ်တင်ရေးစင်တာမှ အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားသည်။

**မှတ်ချက်ပြုပြောကြား**

ယင်းရှန်ကျိူ့ ၁၉ အာကာသယာဉ်ကို အာကာသထဲသို့ လွှတ်တင်နိုင်ခဲ့ခြင်းသည် ပြီးပြည့်စုံသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။

ရှန်ကျိူ့ ၁၉ အာကာသယာဉ်တွင် အာကာသယာဉ်မှူးများအဖြစ် ကိုင်ဇူဖေး၊ ဆောင်လင်တုန်းနှင့် ဝမ်ဟိုဇီတို့ လိုက်ပါတာဝန်ထမ်းဆောင်ပြီး အာကာသစခန်းတွင် ခြောက်လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အာကာသယာဉ်မှူးတစ်ဦးဖြစ်သည့် ကိုင်ဇူဖေးသည် ၂၀၂၂ ခုနှစ်က ရှန်ကျိူ့ ၁၄ အာကာသယာဉ်တွင် အာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းအာကာသယာဉ်မှူးများအနက် ဝမ်ဟိုဇီမှာ တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသဆိုင်ရာ အင်ဂျင်နီယာအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်မည့် အမျိုးသမီးအာကာသယာဉ်မှူးဖြစ်လာခဲ့သည်။ အဆိုပါ အာကာသယာဉ်သည် လွှတ်တင်ပြီး ၁၀ မိနစ်အကြာတွင် သယ်ဆောင်လာသည့်ဒုံးပျံမှ ခွဲထွက်၍ အာကာသအတွင်းရှိ သတ်မှတ်လမ်းကြောင်းသို့ဝင်ရောက်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက် ပေကျင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင် အာကာသထဲတွင်ရှိနေသည့် ရှန်ကျိူ့ ၁၈ အာကာသယာဉ်နှင့် တွေ့ဆုံချိတ်ဆက်နိုင်ခဲ့သည်။ အာကာသထဲတွင် ရှန်ကျိူ့ ၁၉ နှင့် ရှန်ကျိူ့ ၁၈ မှ အာကာသယာဉ်မှူးများက တွေ့ဆုံမှုအထိမ်းအမှတ်အဖြစ် အမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။ ၎င်းအာကာသယာဉ်မှူးများသည် အာကာသထဲတွင် လုပ်ငန်းတာဝန်များကို ငါးရက်ကြာ အတူတကွတာဝန်ထမ်းဆောင်မည်ဖြစ်ကာ ရှန်ကျိူ့ ၁၈ မှ အာကာသယာဉ်မှူးများသည် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဒေါင်ဖန်းမြေပြင် အာကာသစခန်းသို့ နိုဝင်ဘာ ၄ ရက်တွင် ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း လေကြောင်းခရီးသည် ၄ ဒသမ ၅ သန်းကျော်ရှိခဲ့

ဖနောင်ပင် အောက်တိုဘာ ၃၀

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း လေကြောင်းခရီးသည် ၄ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၂၂ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်း စုစုပေါင်း ၃၁ ခု ပျံသန်းပြေးဆွဲခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နိုင်ငံ အချို့အပြင် တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သို့ ခရီးစဉ်များ ပြေးဆွဲနိုင်ခဲ့သည်ဟု ကမ္ဘောဒီးယားနိုင်ငံ မြို့ပြလေကြောင်းဆိုင်ရာ အဖွဲ့အစည်းတာဝန်ရှိသူ မော်ဟာဗားနယ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားသည့် Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တရားဝင်အသုံးပြုခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



ကိုကိုနိုင်(ခ) ကိုနိုင်နှင့် အောင်ဇင်သူတို့အား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ မော်လမြိုင်-မန္တလေး ခရီးသည်တင် မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကိုကိုနိုင်(ခ) ကိုနိုင် တရားမဝင် သယ်ဆောင်လာသည့် ပစ္စတိုသေနတ် ၁၆ လက်နှင့် ကျည်မျိုးစုံ အတောင့် ၅၃၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် လက်နက်ခဲယမ်းများအားလက်ခံ၍ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆက်လက်သယ်ဆောင်မည့် အောင်ဇင်သူအား မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အနောက်ရပ်ကွက် ၃၈ x ၈၅ လမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများအား ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း အောက်တိုဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Her Sal Yon(Ko King)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်နေ ရှိုင်းထက်အောင်(ခ)ဗိုးထက်ကူးမားအား ည ၆ နာရီ မိနစ် ၄၀ တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့ ဒိုးကွင်ရပ်ကွက်ကြီး ၁၈ တွင် စစ်သင်တန်းတက်ရောက်ရန် အတင်းအဓမ္မစုဆောင်းခြင်းနှင့် ငွေကြေးကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ဒိုးကွင်ရပ်ကွက်ကြီး ၁၈ တွင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန် အတင်းအဓမ္မစုဆောင်းနေပြီး ပြည်သူ့စစ်မှုထမ်းမတက်ရောက်လိုပါက လူငယ်တစ်ဦးလျှင် ငွေကျပ်သိန်း ၈၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။




ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး စတင်အာဏာတည်သည့်နေ့မှစ၍ အများပြည်သူ သိရှိစေရန်နှင့် ဗဟုသုတရရှိစေရန်အတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် တာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက အသိပညာပေး ဆွေးနွေးခြင်းများလုပ်ဆောင်ခြင်း၊ နိုင်ငံပိုင်မီဒီယာများတွင်လည်း တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းမှားများကို ပြည်သူများ သိရှိစေရန် ဖော်ပြလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဒိုက်ဦးထောင်တွင် အကျဉ်းသူများ အရေပြားရောဂါ ကူးစက်ခံနေရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒိုက်ဦးထောင်မှ နိုင်ငံရေးအကျဉ်းသူများ အရေပြားရောဂါ ကူးစက်ခံနေရ ခေါင်းစဉ်ဖြင့် RFA Burmese အမည် Facebook Page က အောက်တိုဘာ ၂၂ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဒိုက်ဦးဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသူ ၁၀၀ ကျော်အထိ အရေပြားရောဂါကူးစက်ခံရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ဒိုက်ဦးဗဟိုအကျဉ်းထောင်ရှိ အမျိုးသမီးအိပ်ဆောင်တွင် အရေပြားယားနာရောဂါဖြစ်ပွားသူ အကျဉ်းသူ/အချုပ်သူ ၄၀ ခန့်သာရှိ၍ သာမန်အရေပြားယားနာ ဖြစ်ပွားခြင်းသာဖြစ်ကာ ယင်းအကျဉ်းသူများကို အကျဉ်းထောင် ဆေးရုံအုပ်က နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကြပ်မတ်ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် အရေပြားယားနာရောဂါ မဖြစ်ပွားစေရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများ၊ ကျန်းမာရေး အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် အကျဉ်းသူအဆောင်တွင် ဂါလန် ၂၈၀၀ ဆံ့ သုံးရေကန်သုံးကန်ရှိပြီး ရေကန်များအား ရေပြတ်လပ်မှုမရှိစေရန် အမြဲမပြတ် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေကန်အတွင်း/ အပြင်ကို တစ်ပတ်လျှင်တစ်ကြိမ် တိုက်ချွတ်ဆေးကြောစေလျက်ရှိကြောင်း၊ အကျဉ်းထောင်များတွင် ရေတွင်း ရေကန် သန့်ရှင်းရေးအပြင် အိပ်ဆောင်၊ မိလ္လာစသည့် နေရာများ သန့်ရှင်းမှုရှိစေရေးကို တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အကျဉ်းသူများသည် ဆေးဝါးများကို လက်ဝယ်ထားရှိသုံးစွဲခွင့်မရှိသည့်အတွက် မိသားစုဝင်များက ပေးပို့လာသော ဆေးဝါးများကိုလည်း စနစ်တကျ စိစစ်မှတ်ပုံတင်၍ ကျန်းမာရေးဝန်ထမ်းများထံ အပ်နှံပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား ပြန်လည်ထုတ်ပေး သုံးစွဲလျက်ရှိကာ မိသားစုဝင်များပေးပို့သော ဆေးဝါးများကို ပါဆယ်ဂိတ်မှ ပြန်ပေးလိုက်သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ကျန်းမာရေးမကောင်းသူများကို အကျဉ်းထောင် ဆေးရုံအုပ်၊ ကျန်းမာရေးဝန်ထမ်းများဖြင့် နေ့စဉ်ကြပ်မတ်ကုသပေးလျက်ရှိပြီး ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်ပြသ၊ တင်ပို့ကုသရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ပြသ/တင်ပို့ ကုသစေလျက်ရှိသည့်အတွက် RFA Facebook Page က ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာ ဖြစ်သည်။ **ကြူကြူ**

## သာယာဝတီထောင်ရှိ အကျဉ်းသား အချိန်မီဆေးကုသခွင့်မရရှိ၍ သေဆုံးသည်ဟု စွပ်စွဲရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၃၀**

သာယာဝတီထောင်တွင် နိုင်ငံရေးအကျဉ်းသား ဌေးအောင်ကျော် အချိန်မီ ဆေးကုသခွင့် မရရှိ၍ သေဆုံးသည်ဟု Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၁၄ ရက်က စွပ်စွဲရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသား ဌေးအောင်ကျော်သည် ကျိုက်မရော ဗဟိုအကျဉ်းထောင်တွင် စည်းကမ်းဖောက်ဖျက်၍ သာယာဝတီဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် အကျဉ်းသားဖြစ်ကာ ပြင်ပ၌ နေထိုင်စဉ်ကတည်းက ခုခံအားကျဆင်းမှုရောဂါ (HIV) နှင့် အထွေထွေအားနည်းခြင်းရောဂါ ခံစားနေရသူဖြစ်ကြောင်း၊ အကျဉ်းသား ဌေးအောင်ကျော်သည် ဧပြီ ၂၀ ရက်မှစတင်၍ ချောင်းအဆက်မပြတ်ဆိုးသည့် ရောဂါခံစားနေရသဖြင့် အကျဉ်းထောင်ဆေးရုံအုပ်က ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ အကျဉ်းထောင်ဆေးရုံ၌ ၁၇ ရက်ကြာ ဆေးဝါးကုသပေးခဲ့ကြောင်း။

အကျဉ်းသား ဌေးအောင်ကျော်အား သာယာဝတီခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မေ ၇ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ဇူလိုင် ၃၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိလည်းကောင်း သုံးကြိမ် ပို့ဆောင်ကာ ဆေးဝါးကုသပေးခဲ့ပြီး အောက်တိုဘာ ၁၃ ရက် ၆ နာရီ ၄၅ မိနစ်တွင် ခုခံအားကျဆင်းမှုရောဂါ (HIV)ဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သာယာဝတီ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အကျဉ်းထောင်ဆရာဝန်၊သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများက အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP) နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပဆေးရုံကြီးသို့ တင်ပို့ကုသရမည့်မည်သည့် အကျဉ်းသား အကျဉ်းသူကိုမဆို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကာ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ အကျဉ်းထောင် ဆေးရုံ၊ ဆေးပေးခန်းများ၌ ကုသမှုပေးပြီး ပြည်သူ့ဆေးရုံသို့ တင်ပို့လွှဲပြောင်းကုသရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပို့ဆောင် ကုသပေးကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အထားမှတ်တမ်းများလည်း ထားရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**အေးမိုး**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီအစည်းအဝေးသို့ တက်ရောက်

**ထားဝယ် အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (၁/ ၂၀၂၄) အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီကို အဖွဲ့ဝင် ၂၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးရှိ လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်များသည် ပင်လယ်ကမ်းရိုးတန်း သယံဇာတများအပေါ် မှီခိုရှင်သန်နေရပြီး ရေထွက်ပစ္စည်း တင်ပို့ရောင်းချခြင်း၊ ပုလဲမွေးမြူခြင်းနှင့် ကမ်းရိုးတန်းဒေသ ခရီးသွားလုပ်ငန်းများသည် တိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ကမ်းရိုး တန်းသယံဇာတများကို ထိရောက်စွာ စီမံအုပ်ချုပ်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော တိုင်းရင်းသားများအားလုံးအတွက်ကို ရေရှည်သုံးစွဲနိုင်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသောကော်မတီဝင်များ၊ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သော တတ်သိပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူးနှင့် တတ်သိပညာရှင်များက အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ကန်ရေပြည့်ရေမှတ်အထက် ကျော်လွန်၍ ရေကျော်စီးဆင်းနေသည့် ရေလှောင်တမံမရှိပါ။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီရောကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၃၀-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၃၃၄၆ | ၆၂၁.၂၅ | ၅၄၁၀၃၉ | ၁၈၄၅၀ (လျှပ်စစ်) ထုတ်ရေ) | ၂.၁၄ | ၈၃၈၁ | - | - | - | ၆၂၂.၅၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၇၀ | ၂၈၈၀၇ | - | ၇.၃၀ | ၇၆၉၃ | - | - | - | ၆၂၇.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၀ | ၁၀၄၅၂ | ၄ | ၂.၅၀ | ၁၈၀၅ | - | - | - | ၅၀၉.၆၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၀၁ | ၄၃၇.၈၀ | ၆၉၄၀၀ | ၁၂၅ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၇၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၆၁ | ၇၃၆၈ | ၁၁ | ၂.၃၉ | ၁၃၅၀ | - | - | - | ၄၁၅.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | - | ၇၀၃.၆၀ | ၁၀၇၉၇၃ | ၁၄၂ | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၄ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၂ | ၆၀၁.၈၀ | ၄၉၀ | ၆၁ | ၀.၂၀ | ၁၀ | - | - | - | ၆၀၁.၈၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၃၅ | ၁၀၀၅၉ | ၂၈ | ၆.၆၅ | ၄၅၄၁ | - | - | - | ၈၆၃.၄၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်အတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဌာန/အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂီ)ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေဘေးဖြစ်ပွားခဲ့သည့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ သာစည်၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်ရှစ်မြို့နယ်ရှိ ကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါကျေးရွာရှိမစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ




**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်သီဟက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန်များဖြစ်ကြသည့် မောင်ရဲကျော်သူက "လူငယ်နှင့်နည်းပညာ"၊ မစန္ဒာမိုးဇော်က "လူငယ်နှင့်ပရဟိတ"၊ မစန်းယုနွယ်က "လူငယ်နှင့်စာပေ"၊ တတိယနှစ် ကျောင်းသူများဖြစ်ကြသည့် မမြတ်အိန္ဒြေခိုင်က "လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း"၊ မဖြိုးသဥ္ဇာကျော်က "လူငယ်နှင့်ယဉ်ကျေးမှု"၊ မဝေဝေအောင်က "လူငယ်နှင့် ကျန်းမာရေး"ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းသို့ တက်ရောက်လာသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဖြည့်စွက်ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ပုသိမ်မြို့၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရာဂီမုန်တိုင်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သော ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရာဂီမုန်တိုင်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သောရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ၎င်းအဖွဲ့များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် အချိန်တိုအတွင်း ရှာဖွေကယ်ဆယ်ရေး၊ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ရာဂီမုန်တိုင်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသတစ်ခုဖြစ်သည့် နေပြည်တော်သို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သော တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဲခူးမြို့၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၃၀**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ရာဂီမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် စစ်တောင်းမြစ်ရေ မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် ရေတာရှည်၊ ရေနီနှင့် သာဂရမြို့တို့တွင် စတင်ရေဝင်ရောက်ခဲ့ရာမှ တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုစတင်ဖြစ်ပွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုစတင်မဖြစ်ပွားမီ အချိန်ကပင် ကြိုတင်ပြောင်းရွှေ့နိုင်ရေး စီမံဆောင်ရွက်ခဲ့ခြင်းကြောင့် အသင့်စုဖွဲ့ထားသည့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်စောင့်ရှောက်ရေး အသင်းများစုပေါင်းအားဖြင့် ပြည်သူများ ဘေးလွတ်ရာသို့ သက်စွန့်ကြိုးပမ်း ရွှေ့ပြောင်းပေးနိုင်ခဲ့သည့်အတွက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာခဲ့ရကြောင်း၊ ရာသီဥတုဆိုးရွားမှု အခက်အခဲများကြားမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လူသားချင်းစာနာထောက်ထား စိတ်ဖြင့် အားသွန်ခွန်စိုက် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဝင်းထွဋ်လေးက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများနှင့် လူမှုကယ်ဆယ် စောင့်ရှောက်ရေးအသင်းများအား လည်းကောင်း စုစုပေါင်းဂုဏ်ပြုငွေကျပ် ၆၈၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁၀) ရပ်ကွက် မေတ္တာလမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသာအောင်ဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က မူဝါဒများနှင့်အညီ သမဝါယမအသင်းများ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်ကိုယ်စားလှယ်များက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုပေးသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အခြေခံသမဝါယမအသင်းများသို့ အစုအပေါ် အမြတ်ခွဲဝေငွေကျပ် ၁၀၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



# မြဝတီခရိုင်၌ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကအဖွဲ့ ဩဝါဒခံယူပွဲနှင့် ဒုံးမြေချပွဲ ကျင်းပ



**မြဝတီ အောက်တိုဘာ ၃၀**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြဝတီခရိုင်ကိုယ်စားပြု ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် ဒုံးမြေချပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ မြဝတီခရိုင်ကိုယ်စားပြု ကရင်ရိုးရာဒုံးအကအဖွဲ့ ဦးစီးကော်မတီနာယက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကရင်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသခြင်းသည် ကောင်းမြတ်သောမင်္ဂလာဖြစ်ကြောင်းနှင့် ခရိုင်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် လူငယ်မောင်မယ်များအနေဖြင့် ကြိုးစားယှဉ်ပြိုင်ကြပြီး ဆုများရယူလာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဒုံးအကအဖွဲ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ခရိုင်ကိုယ်စားပြုကရင်ရိုးရာဒုံးအကအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောအောင်သိန်းမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ခရိုင်ကိုယ်စားပြု ကရင်ရိုးရာဒုံးအကအဖွဲ့မှ ရိုးရာဒုံးမြေချပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒုံးအကအဖွဲ့က ပြိုင်ပွဲဝင်တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ရွှေတောင်မြို့နယ်၌ ဂန္ဓမာပန်း (အဝါကြီး) စိုက်ပျိုးဖြစ်ထွန်း၍ ဈေးကောင်းရ

ပဲခူး အောက်တိုဘာ ၃၀

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ တောင်လုံးညိုကျေးရွာတွင် အပိုဝင်ငွေ ရရှိရန်အတွက် ဂန္ဓမာပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုပုံစံအနေဖြင့် မြေပေါ်တင်စနစ်၊ မြေအောက်ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးကာ မြေအကျယ်ပေ ၄၀ ပတ်လည်တွင် အပင်ရေ ၅၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



### တင်ပို့ရောင်းချ

ဂန္ဓမာပန်းကို မေလတွင် စတင်စိုက်ပျိုးပြီး လေးလအကြာ အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချကြောင်း၊ မျိုးအနေဖြင့် ဂန္ဓမာပန်း (အဝါကြီး) မျိုးကို ယခင်နှစ်က စိုက်ပျိုးထားသည့် အညွန့်ကို ဖြတ်၍လည်းကောင်း၊ ကိုင်းကိုဖြတ်၍ ကျန်သည့် အမြစ်ပါသော ကိုင်းများကို ပျိုးထောင်၍ လည်းကောင်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ပန်းပင်များကို ငါးရက် - ခုနစ်ရက်ခြား တစ်ကြိမ် ပိုးသတ်ဆေးဖျန်းပေးရကြောင်း၊ ဂန္ဓမာပန်း စိုက်ပျိုးမှုအတွက် မြေပေါ်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ရေသွင်းခြင်း၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ဂန္ဓမာပန်း (အဝါကြီး) အရောင်းအဝယ်ဖြစ်သည့် ဈေးအနေဖြင့် ယခင်နှစ်က တစ်စည်းလျှင် ငွေကျပ် ၅၀၀ ရရှိခဲ့ပြီး ယခုနှစ်တွင် ပန်းခြောက်ပွင့်၊ ခုနစ်ပွင့်ပါ တစ်စည်းလျှင်ငွေကျပ် ၉၀၀ ဖြင့် ရောင်းချရကြောင်း၊ ကိုင်းအသေးတစ်စည်းလျှင် ငွေကျပ် ၂၅၀ ဖြင့် ရောင်းချကြောင်း၊ ဂန္ဓမာပန်းပင်ကို တစ်ခါစိုက်ပျိုးပြီး ပြုစုပျိုးထောင်မှု ကောင်းမွန်လျှင် မျိုးဆက်သုံးကြိမ်အထိ ချိုးယူခူးဆွတ်နိုင်ပြီး ပန်းစပွင့်သည်မှ လေးရက်ခြား တစ်ကြိမ် ခူးဆွတ်နိုင်ကြောင်း၊ ယခုနှစ်တွင် မိုးများပြီး အရွက်အဖျားအနာကျသဖြင့် ပန်းအထွက်နှုန်း နည်းပါး၍ ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် ဂန္ဓမာပန်းပင် ၅၀၀၀ စိုက်ပျိုးလျှင် ငွေကျပ်သိန်း ၂၀ ခန့် ရရှိကြောင်း၊ ရွှေတောင်ဒေသထွက် ဂန္ဓမာပန်း (အဝါကြီး)များကို ကြို့ပင်ကောက်၊ ပေါင်းတည်၊ ဇီးကုန်း၊ ပြည်နှင့် ဥဿျစ်ပင်မှ ပန်းအဝယ်ဒိုင်များက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ပန်းဈေးကွက်များသို့ ပြန်လည် တင်ပို့ရောင်းချကြကြောင်း သိရသည်။ ■

## မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပိန်းဥပင်များ စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေရရှိ

ချောင်းဆုံ အောက်တိုဘာ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်သည် တောင်ကုန်းတောင်တန်းများသည့် ကျွန်းမြို့နယ်ဖြစ်ပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ချောင်းဆုံမြို့နယ် ချောင်းဆုံခြံတန်းကျေးရွာ၌ ပိန်းဥစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

### တစ်ကေလျှင် ငွေကျပ် ၂၅ သိန်းကျော် အမြတ်ရ

မျိုးအနေဖြင့် ဗမာမျိုးပိန်းဥပင်ကို ဧပြီလတွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလကုန်တွင် ပိန်းဥများကို တူးဖော်ရောင်းချကြကြောင်း၊ တစ်ကေလျှင် နှစ်တန်းစိုက်သည့်စနစ်ဖြင့် စိုက်ပျိုးရာ မျိုးတက် ၂၀၀ ကျော် ကုန်ကျကြောင်း၊ စတင်စိုက်ပျိုးစဉ်မှ ပိန်းဥထွက်ရှိ ရောင်းချချိန်အထိ အပင်သက်တမ်းမှာ ငါးလခွဲမှ ခြောက်လခန့် ကြာမြင့်ပြီး တစ်ကေ ပိဿာ ၇၅၀ ထွက်ရှိကြောင်း၊ ပိန်းဥပင် စိုက်ပျိုးရာတွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ကျပ်သိန်း ၂၀ ခန့် ကုန်ကျကာ ပိန်းဥတစ်ပိဿာလျှင် လက်ကားဈေးနှုန်းငွေကျပ် ၆၀၀၀၊ လက်လီဈေးနှုန်းငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ကေလျှင် ငွေကျပ် ၂၅ သိန်းကျော် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ချောင်းဆုံမြို့နယ်ဒေသများအပြင် မော်လမြိုင်မြို့ပေါ်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပိန်းဥဈေးကွက်သည် နှစ်စဉ်ဈေးနှုန်းကောင်းမွန်သည့်အတွက် တောင်သူများ ပိုမိုစိုက်ပျိုးလျက်ရှိကာ အကျိုးအမြတ်ရရှိကြောင်း သိရသည်။



## အောင်လံမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝါသီးနှံနှင့် ဈေးနှုန်းဈေးကွက်

မကွေး အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ကျေးရွာများတွင် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာနှင့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဝါသီးနှံဧက ၂၃၂၇၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဝါသီးနှံကို ဇူလိုင်လကုန်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ခူးဆွတ်နိုင်မည်ဖြစ်ကြောင်း၊ မျိုးများအနေဖြင့် ရွှေတောင် ၁၀၊ RAKA၊ TBL195၊ B31 မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ခုနစ်ပိဿာခန့် ကုန်ကျကာ စိုက်ပျိုးမှုအတွက် ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်ပျိုးစရိတ်၊ သွင်းအားစုအပါအဝင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ၂၅၀ မှ ၃၅၀ အထိထွက်ရှိပြီး ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းကျော် အမြတ်ရရှိကြောင်း၊ ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀-၃၄၀၀၊ ဝါဂွမ်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၅၀၀-၉၀၀၀၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀-၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံနှင့် ပုဂ္ဂလိကအထည်စက်ရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံပင်များ အသီးအပွင့်များ ပွင့်ဖူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရာသီဥတုကောင်းမွန်၍ အထွက်နှုန်းကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။



သတင်းရှင်းမြစ်
စီးပွား/ကူးသန်း

### ၂၀-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၀၅၅ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၄၆၀၀၀ | ၄၃၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၉၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၃၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၂၄၀ | ၁၇၀၀၀ | ၃၇၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၀၅၀ | ၁၅၀၀၀ | ၄၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၆၉၈၅ | ၁၂၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၅၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၂၉၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၄၄၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၆၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၅၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၉၅၀၀ | ၄၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၃၅ | ၁၂၅၀၀ | ၃၈၀၀ | ၁၄၂၀၀ | ၁၈၄၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၄၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၃၅ | ၁၃၀၀၀ | ၄၀၀၀ | ၁၄၄၀၀ | ၁၈၉၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

## နေကြာစိုက်သမဝါယမအသင်းများနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နေကြာစိုက်ပျိုးရေးကို ဧက ၃၀၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ နေကြာစိုက်သမဝါယမအသင်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က နေပြည်တော်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နေကြာစိုက်ပျိုးရေးကို ဧက ၃၀၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အထွက်တိုးမျိုးများဖြစ်သည့် ရေဆင်းစပ်မျိုး (၁) နှင့် ဆူရာကီရမ်နေကြာမျိုးတို့ကို မဖြစ်မနေပြောင်းလဲစိုက်ပျိုးရန်၊ ဆောင်းနေကြာစိုက်ပျိုးသောတောင်သူများအား လိုအပ်သောမျိုး၊ မြေဩဇာများနှင့် သွင်းအားစုများကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး နေကြာမျိုးများ ဝတ်မှုန်ကူးရာတွင် လိုအပ်သော ပျားပုံးများ ရရှိရေးအတွက် အသင်းသားတောင်သူများ၏ နေကြာစိုက်ပျိုးသည့်တည်နေရာများအား Google Map များဖြင့် သက်ဆိုင်ရာမြို့နယ်များမှ ပေးပို့ဆောင်ရွက်ရန်၊ နေကြာမျိုးစေ့ချစက်များကို ဝယ်ယူ/ငှားရမ်းလိုပါက သက်ဆိုင်ရာမြို့နယ်သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာကြသော နေကြာစိုက်သမဝါယမ အသင်းအမှုဆောင်များက ၎င်းတို့၏မျိုးလိုအပ်ချက်၊ မြေဩဇာလိုအပ်ချက်၊ ရေလိုအပ်ချက်အခြေအနေများ၊ အခြားညှိနှိုင်းဆောင်ရွက်လိုသည့်ကိစ္စများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နေပြည်တော်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်သမဝါယမဦးစီးအရာရှိများ၊ နေပြည်တော်သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် နေကြာစိုက်သမဝါယမအသင်း ၄၈ သင်းမှ အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❋ မြန်မာအမျိုးသမီးမှ

လင်းမြင့်မိုရ်တို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၃ မိနစ်တွင် အေးမြတ်ခိုင်က သွင်းယူခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအသင်းသည် ယခုပွဲအရေးနိမ့်ခဲ့သော်လည်း မြဝတီအသင်းရှုံးပွဲကြောင့် တတိယနေရာရရှိရန် သေချာခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် မြတ်နိုးခင်နှင့် ၅၉ မိနစ်တွင် ဝေဖူးအိမ်တို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ရှစ်မိနစ်တွင် ဇင်မိုးပြည့်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၇ ပွဲကစား ၄၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၃၉ မှတ်၊ ဧရာဝတီအသင်းက ပွဲကုန် ၁၈ ပွဲကစား ၂၇ မှတ်၊ မြဝတီအသင်းက ၁၇ ပွဲကစား ၂၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ ပွဲကစား ၂၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့က ၁၇ ပွဲကစား ခုနစ်မှတ်စီ ရရှိထားသည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာကျန်ရှိတော့ပြီး နိုဝင်ဘာပထမပတ်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–MWL

❂ ONE –170 မှ

နောက်ဆုံးထိုးသတ်သည့်ပွဲများတွင် ရှုံးနိမ့်ထားသော်လည်း လာမည့်နှစ်ဆန်းပိုင်းကျင်းပမည့်ပြိုင်ပွဲတွင် တွဲဆိုင်းများပါဝင်လာခြင်းဖြစ်သည်။ စိုးလင်းဦးသည် နာမည်ကြီးမွေ့ထိုင်းဖိုက်တာဆတ်ဆန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး သန့်ဇင်မှာမူ ထိုင်းဖိုက်တာ ဆူရီရန်လတ်ခ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ONE နှင့် လက်တွဲအပြီး ငါးပွဲမြောက် ထိုးသတ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ စိုးလင်းဦးနှင့် ထိုးသတ်မည့် ဆတ်ဆန်မှာမူ ONE နှင့် ၁၀ ပွဲထိုးသတ်ရာ ကိုးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဆတ်ဆန်သည် ၂၀၂၃ ခုနှစ်အတွင်း ထိုးသတ်သည့် ရှစ်ပွဲစလုံး အနိုင်ရထားပြီး ယခုနှစ်အတွင်း ထိုးသတ်သည့်နှစ်ပွဲတွင်မူ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

သန့်ဇင်မှာမူ ONE နှင့် လက်တွဲအပြီး သုံးပွဲထိုးသတ်ရာ နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် ၎င်းထက်ပညာ၊ သမ္ဘာသာသည့် ဂျပန်ဖိုက်တာ တာခဲရုကို ရှုံးနိမ့်ထားခြင်းဖြစ်သည်။ သန့်ဇင်နှင့် ထိုးသတ်မည့် ဆူရီရန်လက်ခ်သည် ONE နှင့် ၂၀၂၃ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး နှစ်နှစ်တာကာလအတွင်း စုစုပေါင်း ကိုးပွဲထိုးသတ်ရာ ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားသည်။

ရှိုင်းထက်ဇော်

### နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သရက်ပင်ချောင်ကျေးရွာနေ (ဘ) ဦးတင်မောင်၏သား ဦးဆန်းထက်အောင်နှင့် ညောင်ပင်ကျေးရွာနေ (ဘ) ဦးသန်းစိုး၏သမီး ဒေါ်အေးမြတ်မိုးတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၇–၁၀–၂၀၂၄ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

**ဦးဆန်းထက်အောင်[၈/မဘန(နိုင်)၁၉၃၆၆၄]**
**ဒေါ်အေးမြတ်မိုး[၁၂/ဒဂဆ(နိုင်)၀၃၂၇၇၄]**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ (ဘ) ဦးထင်ကျော်လတ်[၁၀/သဖရ(နိုင်)၁၄၈၀၉၃] ၏သား မောင်ကျော်ဇေလင်းထက်အား မောင်ဇေလင်းထက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇေလင်းထက်**

### "အမည်ပြောင်းလဲခြင်း"

ရန် ကုန် မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဘ) ဦးသိန်းထွန်းအောင် [၁၂/ဥကတ(နိုင်)၁၃၈၈၁၅]၏သား မောင်သုတလရောင် အား မောင်စိုင်းဝီလျှံမင်း ဟု ပြောင်းလဲခေါ်ပါရန်။

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိဂုဏ်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၆) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအုန်းမောင် [၁၂/သဃက (နိုင်) ၀၂၀၇၆၈]ထံမှ ဆက်စပ်အရပ်ကတိစာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးဇော်မင်းထိုက် [၁၁/သတန (နိုင်) ၀၂၃၉၈၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်ပွန်းခြံလမ်း၊ အမှတ်(၇၀)နှင့် အမှတ်(၇၃)၏ တရားဝင်ခွဲစိတ်ထားခြင်းမရှိသော မြေအစိတ်အပိုင်းကို တရားဝင်ပိုင်ဆိုင်သော ဦးမောင်စိန် [၁၂/လမန(နိုင်) ၀၆၁၇၀၃]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာခြည်ဌေး [၁၂/လမန(နိုင်) ၁၂၀၇၂၆]မှ ဝယ်ယူပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိမွန်**
**အထက်တန်းရှေ့နေ (စဉ်–၃၉၉၁၈)**
**တိုက် (၉)၊ အခန်း– ၀၀၅၊ B. ၃၆ လမ်း(တို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၂၂၉၀၂၈**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာလမ်း၊ အမှတ်(W-23)၊ Grand Myakanthar Condominium ဟုခေါ်တွင်သော အခန်းအမှတ်(A1701)အကျယ်အဝန်း(၂၀၈၀)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းတစ်ခန်းအားအရောင်းအဝယ်ပြုလုပ်ခြင်းကို

### ကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား တကောင်ဘွားကုမ္ပဏီလီမိတက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် **ဦးအောင်အောင်ကျော် (၁၂/လမန(နိုင်)၁၂၅၁၀၃)**က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နွယ်နီအေး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၂၂၁၀၈၀၇

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ နေသူရိန်လမ်း၊ အမှတ်– ၅ ဟုခေါ်တွင်သော ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅–CG)၊ မြေကွက်အမှတ်– ၁၄၀၅၊ အကျယ်အဝန်း (၂၀x၄၀)ပေရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်စန်းညွန့် [၁၂/လမန(နိုင်) ၁၁၃၉၇၅]နှင့် ဒေါ်တင်ရွှေ [၁၂/ဗဟန(နိုင်) ၀၅၇၉၅၉]တို့၏ အမည်ပေါက်လျက်ရှိပါသည်။ ထို (၂၀x၄၀)ပေရှိသည့် ဂရန်မြေအနက်မှ ဒေါ်စန်းညွန့်ပိုင်ဆိုင်သော အစုဖြစ်သည့် တရားဝင်မခွဲမစိတ်ရသေးသော အမှတ်–၅/ခ (ခြေရင်းခြမ်း)ရှိ အိမ်နှင့် မြေကို အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သည့် ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်) ၀၄၈၈၂၈]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေသကြိန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၄၄)**
**ဖုန်း– ၀၉–၄၂၇၄၁၁၁၄၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းရှိ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၂၀၂)၊ စတုရန်းပေ (၄၆၈) ကျယ်ဝန်းသည့် (၆)ခန်းတွဲ ဒုတိယထပ်တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသဥ္ဇာအောင် (ဘ) ဦးစိန်လှအောင် [၁၂/သဃက(နိုင်) ၀၃၇၀၁၃]က ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ရုံးသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် [LL.B(Q), HGP] ဒေါ်အေးခန့်ခန့်လှိုင် (LL.B, HGP)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉) အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၈၈၅၀၃၂၃၁၅**

## မြေကွက်နှင့်မြေ အကျိုးခံစားခွင့်နှင့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ အပျောက်အိမ်ငှား (၁၄)ဦး၏ အိမ်လခ၊ အမည်ပြောင်းခများခံစားခွင့်ကို ဝယ်ယူပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၁-လမ်း၊ အမှတ် (၁၀၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၁၂-အိုင်၊ မြေကွက်အမှတ်(၅၈)၊ အကျယ်အဝန်း (၃၀ x ၅၀)ပေရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၇)ထပ်အဆောက်အဦ တည်ရှိသော တိုက်ခန်း(၁၄)ခန်း၏ အပျောက်အခန်းပိုင်ရှင်များ နေထိုင်လျက်ရှိသော မြေကွက်နှင့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေအကျိုးခံစားခွင့်နှင့် အိမ်လခ၊ အမည်ပြောင်းခ အကျိုးခံစားခွင့်များကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်စိုး [၁၂/မဂတ(နိုင်)၀၄၁၃၈၃]၊ ဒေါ်ယဉ်ယဉ်မြ [၁၂/ကတတ(နိုင်)၀၁၉၁၄၀]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်သက် [၁၂/ပဘတ(နိုင်)၀၂၇၁၆၃]က (၃၀-၁၀-၂၀၂၄)ရက်နေ့တွင် ငွေအကျေပေးချေဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း တိုက်ခန်း(၁၄)ခန်းတွင်နေထိုင်သူ (၁၄)ဦးနှင့်သက်ဆိုင်သူ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်- ၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉ ၅၀၈၈၆၀၅ ၊ ၀၉- ၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၊ မြေတိုင်းရပ်ကွက်အမှတ်(၄အေ)၊ လူနေရပ်ကွက်အမှတ်(S – ၉၂)၊ မြေကွက်အမှတ် (၁၁၃)(အနံ၃၀xအလျား၆၀)ပေ၊ ပေါ်ရှိအမှတ်(၁၀)၊ သူဌေးလမ်း၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက် တာမွေမြို့နယ်ရှိ ဦးသန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်တွင် "(၁၆-၃-၂၀၁၉)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တို့၏(၆ထပ် RC ရင်ကွဲ) ဆောက်လုပ်ခြင်းလုပ်ငန်း အပ်နှံခြင်း နှစ်ဦးသဘောတူစာချုပ်" ဖြင့် ဆောက်လုပ်ထားသည့် မြေပိုင်ရှင်ရရှိသည့်အခန်းများအနက်မှ (၁၄ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်ခန်းတွဲ (၆) ထပ်တိုက်၏ ၄-လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက် တိုက်ခန်း)နှင့် ကိုယ်ပိုင်(မော်တာ+မီတာ)အပါအဝင် ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၆-၁၂-၂၀၂၂)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်" ဖြင့် တရားဝင်ဝယ်ယူရရှိနေထိုင်ပိုင်ဆိုင်၍ မည်သူ့ကိုမျှ ရောင်းချထားခြင်း မရှိသေးကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ဦးတင်လတ်(ဘ)ဦးပေါ [၁၂/တမန(နိုင်)၀၀၅၃၆၇] + ဒေါ်ဌေးဌေးလွင်(ဘ) ဦးကျော်မြင့် [၈/စလန(နိုင်) ၀၀၀၈၃၉]တို့ထံမှ ဒေါ်အေးငြိမ်းခိုင် [၁၁/စတန(နိုင်)၁၀၆၈၅၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းသူကိုယ်စား ဦးမောင်မောင်အေး [၁၂/တမန(နိုင်) ၀၅၆၆၀၄]နှင့် ဦးထူးအံ့ပိုင်[၈/စလန(နိုင်) ၂၅၂၉၆၂]တို့ထံ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးသူဇာဦး( LLB,CBL )**
**(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၅၂၄၀/၂၀၁၈**
**အမှတ်(၅၀)၊အခန်း(C-3)၊ပထမထပ်၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၉၇၆၉၄၆၃၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ အက်ဖ်၊ မြေကွက်အမှတ်-၉၁ အေ/၃-၃၊ ဧရိယာ (၀. ၂၀၄)ဧက၊ မြေကွက်တည်နေရာအမှတ် (၉၁ အေ/၃-၃)၊ ဦးအောင်ကိန်းလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ မခင်မြမော် (ယာယီသက်သေခံလက်မှတ်-၅၂၂/၆၇)၊ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ဝေဖူး (ခ) ခင်မြမော် (ခ) ပိုလင်ကြီး [၁၂/ရကန (နိုင်) ၁၂၁၃၁၃] ကိုယ်တိုင်မှ မြေကွက်အမှတ်-၉၁ အေ/၃၊ ဧရိယာ (၀.၇၃၉) ဧကရှိသည့် အမည်ပေါက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ်-၃၅၆/၁၉၇၂ (၆-၄-၁၉၇၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းတွင် မခင်မြမော် (ယာယီသက်သေခံလက်မှတ်-၅၂၂/၆၇)ဟု ဖော်ပြထားခြင်းနှင့် ၂၀၀၂ ခုနှစ်တွင် ဒေါ်ခင်စိုးရီ (အမှတ်-၆၃၁ အေ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်) မှ မြေပုံမြေရာဇဝင်ကူးခြင်း၊ မြေတိုင်းခြင်း၊ မြေကွက်ခွဲစိတ်ခြင်းတို့အား ခွင့်မပြုပါရန် ကန့်ကွက်ခြင်းရှိသဖြင့် ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ မူလမြေကွက်အမှတ်-၉၁ အေ/၃ အားဝယ်ယူစဉ်က ဒေါ်ခင်မြမော် သည် အသက်(၁၈)နှစ် မပြည့်သေးသဖြင့် ယာယီသက်သေခံလက်မှတ်-၅၂၂/၆၇ကိုသာ ကိုင်ဆောင်ထားရသောကြောင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၃၅၆/၇၂ ဖြင့် မှတ်ပုံတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၇၁ ခုနှစ် ရန်ကင်းလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးမှ တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်ပြားအမှတ်သည် [၁၂/ရကန(နိုင်)၁၂၁၃၁၃] ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြစာနှင့် ၂၀၀၂ ခုနှစ်တွင် ဒေါ်ခင်စိုးရီမှ ကန့်ကွက်စာတင်ပြခြင်းသည် ၂၈-၂-၁၉၉၉ ရက်နေ့တွင် စရန်ပေးစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေလက်ခံခဲ့ပြီး ကျန်ငွေပေးချေရန် သတ်မှတ်သည့်နေ့ရက်တွင် ၎င်းလာရောက်ဆက်သွယ်ခြင်း မရှိသဖြင့် ရောင်းဝယ်ခြင်းပျက်ပြယ်ခဲ့ခြင်းဖြစ်သော်လည်း ၎င်းမှအမှုတွဲတစ်ခုခုဆောင်ရွက်ရာတွင် နှောင့်နှေး စေလိုသော ရည်ရွယ်ချက်ဖြင့် ဌာနတွင်ကန့်ကွက်ထားခြင်းဖြစ်သည်ဟု ထင်မြင်ယူဆမိပါကြောင်း၊ ပြဿနာ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတာဝန်သာဖြစ်ပါကြောင်း၊တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ်-၃၈၁၄/၂၀၂၄ (၉-၁၀-၂၀၂၄)တို့တင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်)တောင်ပိုင်းခရိုင်၊ (ယခု)တွံတေးခရိုင် တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်းရှိ

(၁) ကွင်းအမှတ်(၀၂)၊ အုပ်စုအမှတ်( RA-2 )၊အကွက်အမှတ်( တ-၀၂ ) မြေကွက်အမှတ်(၀၅၃၉)၊ ဧရိယာ(၄၀' × ၆၀')ရှိသည့်မြေကွက်။

(၂) ကွင်းအမှတ်(၀၂)၊ အုပ်စုအမှတ်( RA-2 )၊အကွက်အမှတ်( တ-၀၂ ) မြေကွက်အမှတ်(၀၅၄၀)၊ ဧရိယာ(၄၀' × ၆၀')ရှိသည့်မြေကွက်။

အထက်ပါမြေကွက်(၂)ကွက်ကို ယာယီမြေပေးမိန့်(၂)စောင်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်အေးသိန်း(၁၂/တတန(နိုင်)၀၂၄၂၆၅)က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အထက်ပါမြေကွက်(၂)ကွက်အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B )** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉-ကနောင်)၊ မြေကွက်အမှတ်(၈၆)၊ ဧရိယာ(၀.၁၈၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၆)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်(ခ)စန်ငေါ်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်(ခ)စန်ငေါ်[၁၂/ကမရ(နိုင်)၀၄၈၉၄၁]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ Sea Star Industry Company Limited Company Registration No.၁၂၁၃၈၄၃၉၆(ကိုယ်စား) ဒေါ်ကြည်ကြည်မော်[၁၃/တကန(နိုင်)၁၄၄၀၈၁]မှ နိုင်ငံသားစိစစ်ရေးကတ်၊ အရပ်ကတိ အရောင်းစာချုပ်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၊ ကိုယ်စားလှယ်လွှဲစာ၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၇၃)လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေးအတွင်းဟု ခေါ်တွင်သော (၁. ၈)ဧကခန့်အကျယ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော မင်္ဂလာကွန်ဒိုတိုက်ခန်း၊ Tower(B)၊ (4)လွှာ၊ အခန်းအမှတ်(၁၂)၊ အကျယ်အဝန်း(၁၃၃၅) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူဦးကျော်သူဆွေ [၉/မရမ(နိုင်) ၀၀၀၃၇၈]၊ ဒေါ်သီရိစိုးဝင်း [၉/အမရ(နိုင်)၀၀၁၁၁၈]တို့က အဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သိင်္ဂီစိုး [၁၂/ကမတ(နိုင်) ၀၅၁၂၅၀]က (၂၈-၁၀-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ Condo အခန်းအရောင်းအဝယ်စာချုပ်" ပြုလုပ်ချုပ်ဆို၍ ငွေအပြေအကျေပေးချေကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို အရောင်းအဝယ် ပြုလုပ်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယင်းကွန်ဒိုတိုက်ခန်း နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင် (LL.B, DBL, DIL, MA)(Business Law)** | **ဒေါ်ပိုးဇာနည်ဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)** |
| **ဖုန်း -၀၉-၄၃၀၉၄၆၇၂** | **ဖုန်း - ၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ မြေကွက်အမှတ်(၅/က)ပေါ်တွင် ဆောက်လုပ်ထားသော စံပယ်ဖြူကွန်ဒို၏ တိုက်အမှတ်(A)၊ စတုရန်းပေ(၁၅၂၃) ကျယ်ဝန်းသည့်(10F/1009) ကွန်ဒိုတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားပြီးရောင်းချပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်ဦး(ဘ)ဦးလှရွှေ [၁၂/ ပဘတ(နိုင်)၀၂၈၄၆၉]က ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ရုံးသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၇၄၅၉)** | **(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၈၈၅၀၃၂၃၁၅**

## နိကာယ်သာသနာတော်ထွန်းကားရေးအသင်း(ရန်ကုန်) (၄၇)ကြိမ်မြောက် နိကာယ်ငါးရပ်စာလျှောက်မေးပွဲ ရက်ပြောင်းရွှေ့ခြင်း

နှစ်စဉ် ကျင်းပမြဲဖြစ်သော နိကာယ်ငါးရပ် စာလျှောက်မေးပွဲကို ၁၃၈၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊(၂၅ . ၁၁ . ၂၀၂၄)နေ့အစား **၁၃၈၆-ခု တန်ဆောင်မုန်းလပြည့်ကျော်(၁၅)ရက်၊(၃၀ . ၁၁ . ၂၀၂၄)၊ စနေနေ့တွင်** ပြောင်းလဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေး လျှောက်ထားအပ်ပါသည်။

ဥက္ကဋ္ဌ- ၀၁-၅၄၂၅၉၈၊ အတွင်းရေးမှူး-၀၉-၇၉၉၉၄၉၄၇၈၊
အသင်းရုံး- ၀၉၄၄၃၀၂၂၀၉၃။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၈၇၊ ဧရိယာ(၀.၁၈၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၈၇၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်(ခ) စန်ငေါ် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်(ခ)စန်ငေါ်[၁၂/ကမရ(နိုင်)၀၄၈၉၄၁]ထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူသူ Sea Star Industry Company Limited CompanyRegistration N0. ၁၂၁၃၈၄၃၉၆(ကိုယ်စား) ဒေါ်ကြည်ကြည်မော်[၁၃/တကန(နိုင်)၁၄၄၀၈၁]မှ နိုင်ငံသားစိစစ်ရေးကတ်၊ အရပ်ကတိ အရောင်းအဝယ်စာချုပ်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ဒါရိုက်တာအဖွဲ့အစည်းဝေးမှတ်တမ်း၊ ကိုယ်စားလှယ်လွှဲစာ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမြအုန်း၏ သားကျွန်တော် ရဲကျော်အောင် [၁၂/သဃက(နိုင်)၁၆၆၃၄၈]၏ AGZ (MYANMAR) CO,LTD အကောက်ခွန် ရှင်းလင်းရေးကတ်ပြားအမှတ် - ၅၀၁၁၅၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၀၁၃၁၃၃၃**

## အများသိစေရန် ကြေညာချက်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၃၈/ခ၊ ဧရိယာ(၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၃၈/ခ)၊ နဝရတ်(၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှမြင့် (TKA-၀၂၂၉၁၆)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအားအမည်ပေါက်ဦးလှမြင့် [၁၂/သကတ(နိုင်)၁၄၄၃၄၀] (TKA-၀၂၂၉၁၆)ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊မြို့နယ်ရဲစခန်းထောက်ခံစာ၊ နှစ်(၆၀)ဂရန်မူရင်းမှာသိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်းပျောက်ဆုံးသွားသည်မှာမှန်ကန်ပါကြောင်း၊ အဆိုပါ နှစ်(၆၀)မြေငှားဂရန်စာချုပ်မူရင်းအားအခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ် ပေါက်ပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဦးလှမြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့်တရားရုံး ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ခံဝန်ကတိနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ဂရန်မိတ္တူမှန်လျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဦးလှမြင့်မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့်မြေငှားစာချုပ်အမှတ်-သကတ/၈/၀၂၆၆/၉၃ (၂၇-၉-၉၃)ဖြင့် မူလထုတ်ပေးခဲ့သည့် ဦးလှမြင့်အမည်ပေါက်မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )**

**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၆**

| | | |
|---|---|---|
| ဒေါ်သိင်္ဂီလင်း | နှင့် | ဒေါ်ပိုက်မိ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၉၈၂)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဒေါ်ပိုက်မိ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၄ ) ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရ မည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသွယ်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**အင်းစိန်ခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၄**

| | | |
|---|---|---|
| ဒေါ်ခင်ကြူဝင်း (ကွယ်လွန်သူ ဦးအောင်စိုး၏ တရားဝင်ကိုယ်စားလှယ်) | နှင့် | ဦးသန်းတင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် - ၁၉နေ တရားပြိုင် ဦးသန်းတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုသည် ကွယ်လွန်သူ ဦးသွင်နှင့် ဒေါ်သိန်းတို့၏ ကိတ္တိမမွေးစား သား၊ ကွယ်လွန်သူ ဦးလှဖေနှင့် ဇနီးဒေါ်ကျွေတို့၏ ချွေးမဖြစ်ကြောင်းနှင့် ဦးလှဖေ(ကွယ်လွန်)နှင့် ဇနီးဒေါ်ကျွေတို့မှ ကိတ္တိမမွေးစား စာချုပ်ဖြင့် မွေးစားခဲ့သော ကိတ္တိမမွေးစားသား ဦးအောင်စိုး၏ တစ်ဦးတည်းသော တရားဝင်ဇနီးအဖြစ် ခင်ပွန်းဦးအောင်စိုး ကွယ်လွန်၍ ကျန်ရစ်ခဲ့သော အမွေခံစားခွင့်များကို အမွေဆက်ခံခွင့် ရှိသူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဈ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂** ) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၁-၂၀၂၄) ရက်နေ့ (သောကြာနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို (၂-၁၁-၂၀၂၄) ရက်နေ့ (စနေနေ့)၊ နံနက်(၀၈း၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်ခင် (CHK-၀၈၉၇၁၈)၊ ဒေါ်သိန်းသိန်းဝင်း[၁၂/ရကန(နိုင်)၀၀၂၀၆၇]အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ မြေကွက်အမှတ်(၄၇)၊ ဂရန်မြေအမျိုးအစား အကျယ်အဝန်း(၄၅ပေx၆၀ပေ)မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ)မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးဝင်းနိုင်[၁၂/ကတတ(နိုင်)၀၁၆၂၉၀]က လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဝင်းနိုင်မှ ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်နုနုဝင်း [၁၂/အစန(နိုင်)၁၈၁၅၆၀]မှ စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဒေါ်နုနုဝင်း [၁၂/အစန(နိုင်)၁၈၁၅၆၀]**
**အမှတ်(၆၅)၊ စိန်ချယ်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဆက်သွယ်ရန်-၀၉-၂၅၀၁၅၇၁၁၈၊ ၀၉-၄၂၉၆၂၄၁၄၀**

### "ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်-၁၀၁/၃လွှာနေ ဦးအောင်တင် [၁၂/မဂတ(နိုင်)၀၃၂၅၃၂] (ဦးကျော်စွာအောင်[၁၂/မဂတ (နိုင်)၀၀၂၀၂၄]၏(အထွေထွေကိုယ်စားလှယ်စာရသူ) ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁) လမ်း၊ အမှတ်(၁၀၄)၊ မြေညီထပ်၊ လက်ယာဘက်(ခေါင်းရင်း)ခန်း၊ ဧရိယာ(၁၂ပေခွဲ x၅၀ပေ)ထပ်ခိုးပါ တိုက်ခန်းသည် ကွယ်လွန်သူ အဘွား ဒေါ်တင် သက်ရှိထင်ရှားရှိစဉ်က သားဖြစ်သူ ဦးအောင်သိန်းအား အမြဲတမ်းနေထိုင်ခွင့်ပြုထားသော တိုက်ခန်းဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များဖြစ်သော ဖခင် ဦးအောင်သိန်း (ကွယ်လွန်)နှင့် မိခင် ဒေါ်ခင်ခင်ဝင်း တို့တွင် သား ဦးကျော်စွာအောင်၊ ဦးနေလင်းအောင်နှင့် သမီး ဒေါ်အေးမြတ်မွန်အောင်တို့က အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အစ္စလာမ် တရားတော်နှင့်အညီ အမွေဆက်ခံခွင့်ရှိကြသူများဖြစ်ကြပါသည်။ ယခုအခါ အထက်ပါတိုက်ခန်းအား တခြားသူတစ်ပါးထံ လွှဲပြောင်းရောင်းချရန် စီစဉ်လျက်ရှိနေကြောင်း ကြားသိနေရပါသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်မိတ်ဆွေ ဦးကျော်စွာအောင်၏ အမွေဆက်ခံခွင့်ရှိနေသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း(ကိုယ်စား) လက်မှတ်ရေးထိုး၍ ငွေကြေးရယူစီမံပိုင်ခွင့်မရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှ လုံးဝသဘောမတူ ကန့်ကွက်ပါကြောင်း၊ အကယ်၍ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း(ကိုယ်စား) လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့ပါက ဖြစ်ပေါ်လာသည့် အကျိုးဆက်အား တိုက်ခန်းဝယ်ယူသူနှင့် လွှဲပြောင်းရောင်းချသူများ၏ တာဝန်ဖြစ်ပါကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်တင်** | **ဒေါ်အေးချိုဇင် (LL.B)** |
| **(ဦးကျော်စွာအောင်၏** | **အထက်တန်းရှေ့နေ (စဉ် - ၅၂၈၃၆)** |
| **အထွေထွေ ကိုယ်စားလှယ်စာရရှိသူ)** | **အမှတ်-၈၃၊ အခန်း-၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊** |
| **ဖုန်း-၀၉-၄၄၃၀၉၄၆၁၅** | **ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၈၈၆၆၇၄၆** |

### ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင် (တောင်ပိုင်း) နွယ်နီဈေးလမ်း၊ အကွက်အမှတ်(၅၆၅) ဟုခေါ်တွင်သော မျက်နှာဝအလျား ၂၄ပေ၊ အနောက်အလျား- ၂၅ပေ x အနံ ၈၀ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်၊ နေအိမ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေတည်ရှိရာ အရပ်မှာ အရှေ့လားသော် နွယ်နီဈေးလမ်း၊ အနောက်လားသော် ဒေါ်မာလာရီအဆောင်၊ တောင်လားသော် သဇင်အလုကုန်နှင့် စတိုး၊ မြောက်လားသော် ပန်းနုဝေ စတိုး တို့ရှိကြသည့် အိမ်ခြံမြေကွက်ဖြစ်ပြီး ၎င်းအိမ်ခြံမြေကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးကျော်ကျော်စိုး[၁၂/မရက(နိုင်)၀၀၂၂၅၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်လေးယု [၁၄/ဒဒရ(နိုင်) ၀၉၉၁၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုနိုင်ခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်နွဲ့သူ** | **ဒေါ်နွယ်နီဝင်းLL.B, CBL, D.B.L,** |
| **LL.B, D.B.L** | **WIPO (G.C.I.P Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၁၃၂၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀/၁၇)** |

**တိုက် (၁၀/၁၂)၊ ပထမထပ် (E)၊ ၃၅ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၂၂၁၈၇၊ ၀၉-၇၆၇၈၀၁၁၈၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀ဘောဂီ၊မြေကွက်အမှတ်-၂၂၆၊(၁၅၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၂၂၆)၊တပင်ရွှေထီးလမ်း၊(၂/ဝေဘာဂီ)ရပ်ကွက်၊ဦးသိန်းမောင်(၁၄/ဟသတ(နိုင်)၀၂၈၆၉၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဦးသိန်းမောင်(ဖခင်)သည်(၂၉-၃-၂၀၁၄)ရက်နေ့တွင်လည်းကောင်း၊ဒေါ်သောင်း(မိခင်)သည်(၁၁-၄-၂၀၀၆)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့သဖြင့်ဒေါ်သန်းသန်းဆွေ(၁၄/ဟသတ(နိုင်)၀၂၈၆၉၅)၊ဒေါ်မြင့်မြင့်ချို(၁၄/ပသရ(နိုင်)၀၀၉၇၅၁)တို့မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်သမီး(၂)ဦးတော်စပ်ကြောင်းမိမိတို့မှလွှဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၈၇၇/၂၀၂၄/၅-၉-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ သမ္ဗုဒ္ဓကမ်းခြေရပ်ကွက်၊ ခတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သ)၊ မြေကွက်အမှတ်-၆၉၉/ခ၊ ဧရိယာ(အလျား ၂၀ ပေ x အနံ ၆၀ ပေ) ကျယ်ဝန်းသော ဒေါ်မီနာချီအမည်ပေါက်မြေချပါမစ်အမျိုးအစားမြေကွက်နှင့်အကျိုးခံစားခွင့်များအားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းဝင်း[၁၂/ဒလန(နိုင်)၀၉၄၉၀၉]ကိုင်ဆောင်သူမှ မိမိတရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘာလူး [၁၂/ပဇတ(နိုင်)၀၃၂၆၀၆] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ်ချုပ်ဆို၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းသင်းထွေး (LLB)** | **ဦးသန့်ဇင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၇၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၄၇၄၇)** |

**အမှတ်(၁၄၂)၊ ပထမထပ်(ယာ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၅၃၀၈၁၂၊ ၀၉-၇၅၉၀၄၀၆၆၅**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ် (၆၂)ပေါ်တွင် ဆောက်လုပ်ထား သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆)လွှာ၊ (လမ်းမဘက်မှ မျက်နှာမူလျှင်ဘယ်ဘက်ခြမ်း) အခန်းအမှတ်(၆- အေ)၊ အကျယ်အဝန်း (၁၁. ၅x၄၈)ပေရှိ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဦးဇော်နိုင်ဝင်း [၇/လပတ(နိုင်)၀၁၂၀၆၆]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲကျော်သူ [၁၄/ဂခမ(နိုင်)၁၄၃၃၅၈]မှ ဝယ်ယူရန် ရောင်းဖိုးငွေအနက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ (၁၉)ရပ်ကွက်၊ စွယ်တော် (၃)လမ်း၊ မြေကွက်အမှတ်(၁၆၉)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူး စိုးကျော်သူအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေရှိမြေကွက်နှင့် မီတာ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးဝတ်မှုံထွေး [၉/ကပတ(နိုင်)၂၆၆၁၇၅]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုးမြင့် [၉/ရမသ(နိုင်)၀၁၀၁၁၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၅၅၂၄၁၆၃၀၉**

## "ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ သုဒ္ဓသန(၂)လမ်းနှင့် ဦးအောင်ခင်လမ်းထောင့်၊ မြေကွက်အမှတ်(၁၀၂)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာ–ဘီ၊ (တိုက်မျက်နှာမူလျှင်ဘယ်)၊ အကျယ်အဝန်း (၂၁.၆ x ၅၁)ပေရှိ တိုက်ခန်းအား ဝယ်ယူမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

အထက်ပါ တိုက်ခန်းသည် (၁) ဦးသူရိန်ဝင်း [၇/ဒဥန(နိုင်)၀၀၀၁၃၈] ကိုင်ဆောင်ထားသူနှင့် (၂)ဒေါ်စိုးလဲ့မွန်[၁၂/အစန(နိုင်)၁၈၁၂၇၇]ကိုင်ဆောင်ထားသူနှစ်ဦးတို့က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းစွာဖြင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နှင်းရည်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၀၂၂)**
**အမှတ်(၉/၁၁)၊ ၀၀၄–မြေညီထပ်၊ ၃၆–လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09–420235668**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၉၊မြေကွက်အမှတ်–၇၈၅/က၊မြေကွက်တည်နေရာအမှတ်–၇၈၅/က၊မြရည်နန္ဒာလမ်း၊၁၉ ရပ်ကွက်၊ဒဂုံတောင်၊ဒေါ်ဝင်းမာ(T/RGN-016551)အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအားဂရန်အမည်ပေါက်–ဒေါ်ဝင်းမာ(T/RGN-016551) (၁၂/တမန(နိုင်)၀၃၇၈၈၀)မှနှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊နှစ်(၆၀)မြေငှားဂရန်မူရင်းမှာမိမိနေအိမ်တွင်သိမ်းဆည်းထားရာမှခြစားရှုပျက်စီးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊အထက်ပါမြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကလည်းမိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၃/၁၂၄၅/၂၀၂၄(၂၂–၃–၂၀၂၄)၊ကိုယ်တိုင်ဝန်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၂)ထပ်အုတ်ညှပ်အဆောက်အဦးတစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပြီးကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဒေါ်ဝင်းမာ၏ဂရန်မိတ္တူလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈/A၊ မြေကွက်အမှတ်–၁၀၁ဟု ခေါ်တွင်သော အကျယ် ၄၀ပေx၆၀ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ် ၁၇ပေx၆၀ပေရှိ ဦးစိုး + ဒေါ်နီနီလှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ ခရေလမ်း၊ အမှတ်–၁၀၁ ဟုခေါ်တွင်သည့် နှစ်ထပ်နေအိမ်အဆောက်အအုံ ၁ လုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်နေအိမ်ကို အမွေဆက်ခံပိုင်ဆိုင်ကြသည်ဟု အဆိုရှိသော (၁)ဒေါ်အုန်းအုန်းကြည်၊ (၂)ဦးစိုးညွန့်၊ (၃)ဒေါ်ခင်စန်းမြင့်၊ (၄)ဒေါ်အေးအေးမြင့်၊ (၅)ဒေါ်လဲ့ရည်ဝင်း၊ (၆)ဒေါ်ငုဝါလင်း၊ (၇)ဦးမင်းစိုးနှင့် (၈) ဦးထွေးဇော်တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်–၈၉၁၂)(၂၁–၃–၂၀၁၃)** | **(စဉ်–၁၈၉၉၄)(၂၂–၁၂–၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၁၆၀၂၁၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (မုန့်/တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ တိုက်အမှတ်(၁၁၃)၏ (၆လွှာ)၊ (ခြေရင်း/Bဘက်ခန်း)၊ အကျယ် (၁၂ ၁/၂ x၅၀)ပေရှိတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းဆီ[၁၂/ကတတ(နိုင်)၀၁၃၆၉၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ထက်အောင်[၁၂/စခန(နိုင်)၀၆၉၄၂၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ် နှင့် ပတ်သက်ပြီး အမွေစား၊ အမွေခံမှစ၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )
## တွံတေးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၈
## ကွယ်လွန်သူ ဦးဇော်ဝင်း၏ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလုပ်ကျေးရွာအုပ်စု၊ ရန်ကြီးအောင်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဇော်ဝင်း၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများအပေါ်၌ အမွေဆက်ခံရန်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်အေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဇော်ဝင်း၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်) နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်မော်)**
**ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၃၃)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ သာစည်လမ်း၊ မြေကွက်အမှတ်(၈၅၀–က)၊ ဒေါ်သန်းသန်းမော် အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ ဧရိယာ(၀.၀၂၇)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးစုံပါလူနေအိမ်၏လက်ရောက်ပိုင်ဆိုင်ခွင့်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ၎င်းမှသာလက်ဝယ်ထားရှိ ပိုင်ဆိုင်သည် ဟုဝန်ခံကတိပြုလွှဲပြောင်းရောင်း ချသူ ဦးခင်ဆွေ [၅/ပလန(နိုင်)၀၀၆၂၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဖြူ[၁၂/ရပသ(နိုင်)၀၈၅၁၇၀]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ဦးခင်ဆွေ ကိုယ်စားလက်မှတ်ရေးထိုး၍ စရန်ငွေလက်ခံသူ ဒေါ်ဇာယယ်ဆွေ [၅/ပလန(နိုင်)၁၂၈၂၁၃]ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်–၅၀၄၄၆)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ်(၅၄)၊ (၆)ထပ်တိုက်၏(၅)လွှာ၊ အကျယ်အဝန်း( အလျား ၂၅ ပေ x အနံ ၅၀ ပေ )ရှိ တိုက်ခန်း (၁)ခန်း၊ ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသီဟန် [၁၂/မဂတ(နိုင်)၀၀၅၇၉၀]က တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ခေါင်မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီအေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် –၁၅၅၀၉)**
**အမှတ်(၁၄၆)၊ ပထမထပ်(အေ)၊ ဓမ္မယျာသီရိ(၇)လမ်း၊**
**ဓမ္မယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၃၅၁၇၇**

## အမည်မှန်

၂၀၂၄–၂၀၂၅ ပညာသင်နှစ် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) ပဉ္စမနှစ်တွင် ပညာသင်ကြားနေသော မခေါန်းဂျာ[၁/မမန(နိုင်)၀၆၁၄၂၃]၏ အမည်မှန်မှာ မလဘန်ခေါန်းဂျာ ဖြစ်ပါကြောင်း။

**မလဘန်ခေါန်းဂျာ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမောင်မောင်အေး၏ သား ကျွန်တော် မောင်မင်းဇော်လင်း[၁၄/မအပ(နိုင်)၀၀၃၁၅၄] ၏ AGZ (MYANMAR) CO,LTD အကောက်ခွန်ရှင်းလင်းရေးကတ်အမှတ်–၅၀၁၁၅၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၀၈၅၈၄၅**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄–၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း (၁၁)မျိုး၊ ဓာတ်ခွဲပစ္စည်း(၁၄၁)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက်ပစ္စည်း(၃)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်သွင်းလွှာတင်ဒါပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.12. Med & Med Supplies, Reagents and Equipment (3rd) (2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၃၁ –၁၀–၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၁၃–၁၁–၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း– ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## Fit4Life–Build With Science ၏ စာဖတ်ပရိသတ်များ၊ လူမှုကွန်ရက်သုံးစွဲကြသူ သူငယ်ချင်း/မိတ်ဆွေများနှင့် အများပြည်သူသိစေရန် ကြေညာချက်

Fit4Life–Build With Science တည်ထောင်သူ ဦးနေစန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေအပ်သည်မှာ–

ဦးနေစန်းလင်းနှင့်ဇနီး ဒေါ်သော်တာတို့သည် သိပ္ပံနည်းကျ ကိုယ်ကာယလေ့ကျင့်ခန်းများ၊ အစားအသောက်နေထိုင်မှုပုံစံများနှင့် ကျန်းမာရေးအတွက် လိုအပ်သည့် အစားအသောက်အစီအစဉ်များကို Fit4Life–Build With Science အမည်ရှိ Facebook Page မှတစ်ဆင့် ၂၀၁၉ ခုနှစ်မှ စတင်ကာ ယနေ့အချိန်ထိ ကိုယ်ပိုင်မူ ကိုယ်ပိုင်ဟန်ဖြင့် ကိုယ်တွေ့ အသိပညာဗဟုသုတများကို မျှဝေလျက်ရှိပြီး ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်လျက်ရှိပါသည်။

ဦးနေစန်းလင်းသည် အဆိုပါ Fit4Life–Build With Science(https://www.facebook.com/ fit4lifefitnesscoach?mibextid=LQQJ4d) Page နှင့် ၎င်း၏ ပုဂ္ဂလိက လူမှုကွန်ရက်အကောင့်ဖြစ်သည့် Nay San Lin (https:// www.facebook.com/profile.php?id= 100015217716010&mibex tid =LQQJ4d) တစ်ခုတည်းကိုသာ သုံးစွဲပြီး ဒေါ်သော်တာသည်လည်း ၎င်း၏ ပုဂ္ဂလိက လူမှုကွန်ရက် အကောင့် ဖြစ်သည့် Ellena (Thawdar)(https://www.facebook.com/profile.php?id=100041944071814& mibextid=LQQJ4d) နှင့် Ellena’s Vlogs (https://www.facebook.com/profile. php?id=100078318003001&mibextid=LQQJ4d) အမည်ရှိ Page တို့ကိုသာ အသုံးပြုကြသူများဖြစ်ကာ အခြားမည်သည့် အမည်,nick name တို့ဖြင့် အခြားမည်သည့် Facebook အကောင့်ကိုမှ သုံးစွဲခြင်းမရှိသည့်အပြင် ဦးနေစန်းလင်းနှင့်ဒေါ်သော်တာတို့သည် ကျန်းမာရေးနှင့်အလှအပဆိုင်ရာ ကိုယ်ကာယလေ့ကျင့်ခန်းများနှင့် အစားအသောက်ပုံစံများဆိုင်ရာ အကြံဉာဏ်ပေးသည့် ဆက်စပ် လုပ်ငန်းများမှအပ အခြားမည်သည့် အွန်လိုင်းလုပ်ငန်းတစ်စုံတစ်ရာကိုမှသော်လည်းကောင်း၊ ငွေရေးကြေးရေးဆိုင်ရာ လဲလှယ်ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းတစ်စုံတစ်ရာကိုမှသော်လည်းကောင်း လုံးဝ လုပ်ကိုင်ခြင်းမရှိကြသူများဖြစ်ကြပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ Fit4Life–Build With Science , Nay San Lin , Ellena’s Vlogs, Ellena (Thawdar) အမည်ရှိ Page(၂)ခု နှင့် ပုဂ္ဂလိကအကောင့်(၂)ခုမှ လွဲ၍ ဦးနေစန်းလင်းနှင့် ဒေါ်သော်တာတို့၏ ပုံများ၊ဗီဒီယိုများ ကို ခွင့်ပြုချက်မရှိဘဲ ခိုးယူအသုံးပြုဖွင့်လှစ်ထားသည့် အခြားအကောင့်များ၊ Page များသည် ဦးနေစန်းလင်းနှင့်ဇနီးဖြစ်သူ ဒေါ်သော်တာတို့နှင့် မည်သို့မှ သက်ဆိုင်မှုမရှိကြောင်း အတိအလင်း ကြေညာအပ်သည့်အပြင် အဆိုပါ အကောင့်တုများကိုတွေ့ရှိရလျှင် မိမိတို့ထံ အကြောင်းကြားဆက်သွယ်ကာ သတင်းစစ်သတင်းမှန် စုံစမ်းရယူနိုင်ပါကြောင်းနှင့် ကျွန်ုပ်တို့ဘက်မှလည်း အဆိုပါ အကောင့်တုများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးနေစန်းလင်း+ဒေါ်သော်တာ** | **ဦးနန္ဒမျိုးအောင် (LL.B) (DIPL)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၈၇၉၄/၃၀–၁၁–၂၀၂၃)** |
| | **အမှတ်(၄၆)၊ သစ်တောလမ်း၊** |
| | **စောရန်ပိုင်(အရှေ့)ရပ်ကွက်၊** |
| | **အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **Ph: 09–428935929, 09–699184983** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...**
❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...**
❖ **တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...**
❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...**
❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်အောင်ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ONE -170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်တို့၏ တွဲဆိုင်းများပါဝင်မည်

ရန်ကုန် အောက်တိုဘာ ၃၀

ONE Championship အဖွဲ့အစည်းက ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE–170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်တို့၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

ONE Championship နှင့် ယခုနှစ်မှ စတင်လက်တွဲသော်လည်း အလဲထိုးပွဲများဖြင့် ပရိသတ်အားပေးမှုရရှိထားသည့် စိုးလင်းဦးနှင့် သန့်ဇင်တို့သည်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂



အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံ၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ကို အောက်တိုဘာ ၃၀ ရက်က ကွင်းသုံးကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံ၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိသည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုရရှိပြီးဖြစ်သည့် အား/ကာသိပ္ပံအသင်းသည် လက်ကျန်ပွဲများကိုလည်း အာရုံစိုက်ကစားနေပြီး အမှတ်ပြည့်ရရှိခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၂၇ မိနစ်တွင် ရွှေရည်ထွန်း၊ ၄၇ မိနစ်တွင် ဟေမာန်စိုးနှင့် ၄၈ မိနစ်တွင်

စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ✻

ယနေ့ ဖတ်စရာ

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏**
ဆောင်းပါး စာမျက်နှာ » ၁၀

**နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျွန်း၊ သစ်မာနှင့် အခြား စုစုပေါင်း ၅၉ ဒသမ ၅၉၂၄ တန် သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄

**ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၅